# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၃) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (8-3-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၁၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူစေတီတော်နှင့် တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ➪**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များက ရှေးဟောင်းသမိုင်းဝင် မွေတော်ကက္ကူဘုရား ပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။**




ရတနာပုံ
၂၀၂၃ ခုနှစ် မတ် ၈ ရက်
အယ်ဒီတာ့အာဘော်

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့

မတ် ၈ ရက် (ယနေ့) သည် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ဖြစ်သည်။ အမျိုးသမီးများ၏ အခွင့်အရေးနှင့် စွမ်းဆောင်နိုင်မှုများကို ဂရုပြုအာရုံစိုက်လာစေရန်၊ အမျိုးသမီးများ၏ အခွင့်အရေးများကို အလေးထား အကောင်အထည်ဖော်လာစေရန်အတွက်ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာတစ်ဝန်းကျင်းပကြသည်။

ထိုသို့ ကျင်းပနိုင်ရန်အတွက်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ၁၉၉၆ ခုနှစ်ကစ၍ ဆောင်ပုဒ်များကို နှစ်စဉ်သတ်မှတ်ပေးခဲ့သည်။ ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ဆောင်ပုဒ်မှာ "ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ဆန်းသစ်စို့"ဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့သော အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၌ နိုင်ငံတစ်နိုင်ငံ၏ ပြီးပြည့်စုံသော ဖွံ့ဖြိုးတိုးတက်မှု၊ ကမ္ဘာကြီးတစ်ခုလုံး သာယာဝပြောရေးနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်ပေးသောအကြောင်းတရားတို့ကို ရရှိရန်အတွက် နယ်ပယ်အားလုံးတွင် အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများ၏ပါဝင်မှုကို တိုးမြှင့်နိုင်သလောက် တိုးမြှင့်ပေးရန်လိုအပ်ကြောင်း ပြဋ္ဌာန်းထားပြီး ထိုပြဋ္ဌာန်းချက်များကို အလေးအနက်ထား၍ အမျိုးသမီးကဏ္ဍကို ဆောင်ရွက်လျက်ရှိသည်။

အိမ်တစ်အိမ်၊ လူ့အဖွဲ့အစည်းတစ်ခုနှင့် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် အမျိုးသားဝါဒ၊ အမျိုးသမီးဝါဒဟူသော ရှေးရိုးစွဲဝါဒများကို စွဲကိုင်မထားဘဲ ကျား၊ မတန်းတူအားလုံး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။ လုပ်ငန်းတာဝန်များကိုလည်း အမျိုးသားတာဝန်၊ အမျိုးသမီးတာဝန်ဟူ၍ ခွဲခြားမနေဘဲ ကျရာအခန်းကဏ္ဍကို ပီပြင်စွာထမ်းဆောင်ခြင်းဖြင့်သာ အကျိုးပြုသွားရန်လိုအပ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတချို့တွင် လက်ရှိအချိန်ထိ အမျိုးသမီးများကို ခွဲခြားဆက်ဆံပြီး နှိမ့်ချမှုများ ရှိနေဆဲဖြစ်သော်လည်း မြန်မာနိုင်ငံတွင်မူ အမျိုးသမီးများသည် ကျား၊ မခွဲခြားဆက်ဆံခြင်းမခံရဘဲ အမျိုးသားများနည်းတူ သာတူညီမျှအခွင့်အလမ်းများ ရရှိပိုင်ဆိုင်ထားကြသည်။ ထို့ပြင် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင်လည်း တတ်အားသရွေ့ ပါဝင်စွမ်းဆောင်ခွင့်ရရှိကြသည်။ ထိုသို့ရရှိနေခြင်းသည် ယခုမှရရှိသည်မဟုတ် ရှေးယခင်ကတည်းကပင်ဖြစ်သည်။

မြန်မာ့သမိုင်းတစ်လျှောက်ကို ပြန်လည်ကြည့်မည်ဆိုလျှင် မိသားစု၊ လူ့အဖွဲ့အစည်း၊ နိုင်ငံနှင့် လူမျိုးအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနယ်ပယ်အသီးသီးတွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်းပြီး လွတ်လပ်တက်ကြွစွာ ပါဝင်စွမ်းဆောင်ခဲ့သော အစဉ်အလာကောင်းများရှိခဲ့သည်။

သို့ဖြစ်ရာ "ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ဆန်းသစ်စို့"ဟူသည့်ဆောင်ပုဒ်အတိုင်း နည်းပညာအကူအညီဖြင့် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ နေရာစုံ၊ နယ်ပယ်စုံတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ထို့ပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင်လည်း ကျား၊ မ မခွဲခြားဘဲ အမျိုးသမီးများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း မတ် ၈ ရက်(ယနေ့)တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း သရက်ကုန်းငါးလုပ်ငန်းစခန်းတွင် ငါးမြင်း၊ ငါးနုသန်းနှင့် ငါးလူးတို့ကို မွေးမြူသားဖောက်သွားမည်



**မန္တလေး မတ် ၇**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း သရက်ကုန်းငါးလုပ်ငန်းစခန်းတွင် ရှားပါးလာသည့် တိုင်းရင်းငါးမျိုးများဖြစ်သော ငါးမြင်း၊ ငါးနုသန်းနှင့် ငါးလူးတို့ကို မွေးမြူသားဖောက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးစီးအရာရှိ ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

ရှားပါးလာသည့် တိုင်းရင်းငါးမျိုးစိတ်များ မျိုးသုဉ်းမသွားစေရေးအတွက် သရက်ကုန်းငါးလုပ်ငန်းစခန်းက ငါးသားပေါက်များကို စုဆောင်းကာ ပြုစုမွေးမြူမှုများပြုလုပ်ပြီး သားဖောက်သွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကလည်း တိုင်းရင်းငါးမျိုးများဖြစ်သည့် ငါးနက်ပြာ၊ ငါးဖန်းမနှင့် ငါးပတ်တို့ကို မွေးမြူသားဖောက်ခဲ့ရာ အောင်မြင်ခဲ့ကြောင်း၊ လာမည့် ဘဏ္ဍာနှစ်တွင်လည်း ငါးမြင်း၊ ငါးနုသန်းနှင့် ငါးလူးတို့ကို မွေးမြူ၍ သားဖောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"သရက်ကုန်းငါးလုပ်ငန်းစခန်းကနေပြီးတော့ ရှားပါးလာတဲ့ တိုင်းရင်းငါးမျိုးစိတ်တွေကို စမ်းသပ်သုတေသနပြုကာ မွေးမြူပြီးတော့ သားဖောက်ပေးမှာပါ။ ကိုယ့်နိုင်ငံမှာရှိတဲ့ ငါးတွေကို ထုတ်လုပ်နိုင်အောင်လို့ ရည်ရွယ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်၊ တမံတွေမှာ တိုင်းရင်းငါးတွေ စဉ်ဆက်မပြတ် ဖမ်းဆီးစားသောက်နိုင်ဖို့အတွက်ပါ။ ငါးရိက္ခာဖူလုံစေဖို့နဲ့ ငါးသယံဇာတ ပေါများကြွယ်ဝစေဖို့ပါ။ ဒေသရေလုပ်သားတွေလဲ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါများစေဖို့ပါ။ ပြည်သူတွေ ငါးစားသုံးမှုပိုများလာစေဖို့အတွက်လဲပါပါတယ်။ ကုန်ကျစရိတ်နည်းနည်းနဲ့ ကိုယ့်နိုင်ငံတွင်းမှာရှိတဲ့ ဈေးကွက်ဝင်တဲ့ ငါးသားပေါက်တွေကို ထုတ်လုပ်ရမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ သားဖောက်ပေးမှာ ဖြစ်ပါတယ်"ဟု ဦးထွန်းနောင်ဝင်းက ပြောပြသည်။

သရက်ကုန်းငါးလုပ်ငန်းစခန်းအနေဖြင့် ငါးမျိုးစိတ် ၁၀ မျိုးကို နှစ်စဉ်သားဖောက်ကာ မျိုးစိုက်ထည့်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ပြင် ရှားပါးလာသည့် တိုင်းရင်းငါးမျိုးစိတ်များကိုလည်း စမ်းသပ်သုတေသနပြု သားဖောက်ပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်းမှ သိရသည်။

(၁၈၅)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် ရှာငံဒေသမှ ဝင်ရောက်လာသည့် အာလူးများ ဈေးကောင်းရရှိနေ

**မန္တလေး မတ် ၇**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာကုန်စိမ်းဈေးတွင် ရှာငံဒေသမှ ဝင်ရောက်လာသည့် အာလူးများ ဈေးကောင်းရရှိနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

လက်ရှိအချိန်တွင် မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ ရှာငံဒေသမှ အာလူးများ တစ်ရက်လျှင် ခြောက်ဘီးကား သုံးစီးမှ လေးစီးထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းများမှာ အာလူး တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ မှ ၂၈၀၀ ထိ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ အာလူးက အဓိကစိုက်ပျိုးတဲ့ ရှာငံဒေသဘက်ကပဲ ထွက်ရှိပြီး ဝင်ရောက်လာတာပါ။ ကျန်တဲ့ဒေသကထွက်ရှိတဲ့ အာလူးတွေကတော့ မရှိသေးပါဘူး။ အာလူးစိုက်ပျိုးတဲ့တောင်သူတွေက ဒီနှစ် မစိုက်ကြတာများပါတယ်။ စိုက်တဲ့သူနည်းသွားပါတယ်။ အာလူးက အဝင်နည်းသွားတာရယ်၊ ပစ္စည်းပြတ်လပ်တာရယ်ကြောင့် အာလူးဈေးတွေက မြင့်တက်လာပြီး ဈေးကောင်းရရှိနေကြတာပါ။ ကားတစ်စီးကို အိတ်အရေအတွက်နဲ့ဆိုရင် အိတ်လုံးရေ ၁၀၀ ပတ်ချာလည်ပါပါတယ်"ဟု အောင်ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြသည်။

သီရိမာလာကုန်စိမ်းဈေးတွင် အာလူးအပြင် အခြားကုန်စိမ်းသီးနှံများဖြစ်သည့် ဂေါ်ဖီထုပ်၊ သခွားသီး၊ ခရမ်းချဉ်သီး၊ မုန်ညင်းဖြူ၊ ဗိုလ်စားပဲ၊ ပန်းမုန်လာများလည်း ဈေးကောင်းများဖြင့် ရောင်းချနေရကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# မန္တလေး ချော်ဆိပ်ကမ်းမှ မတ္တရာ၊ သပိတ်ကျင်းနှင့် ကသာဘက်သို့ လိုက်ပါစီးနင်းသည့်ခရီးသွားဦးရေ များပြားလာ

**မန္တလေး မတ် ၇**

မန္တလေး ချော်ဆိပ်ကမ်းမှ မတ္တရာ၊ သပိတ်ကျင်းနှင့် ကသာဘက်သို့ လိုက်ပါစီးနင်းသည့်ခရီးသွားဦးရေ များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ရောဝတီမြစ်ကြောင်းတစ်လျှောက် မန္တလေးမြို့မှ အခြားမြို့များသို့ ကုန်စည်များတင်ပို့ရာတွင် ရွှေကြက်ယက်ဆိပ်ကမ်း၊ ဂေါဝိန်ဆိပ်ကမ်း၊ မရမ်းခြံဆိပ်ကမ်း၊ ချော်ဆိပ်ကမ်းတို့မှ တင်ပို့လျက်ရှိကြောင်း၊ ယခုအခါ ချော်ဆိပ်ကမ်းမှ မတ္တရာ၊ သပိတ်ကျင်းနှင့် ကသာဘက်သို့ လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေ များပြားလာကြောင်း သိရသည်။

"ချော်ဆိပ်ကမ်းမှာ ဖေဖော်ဝါရီလအတွင်းက ခရီးသည်လိုက်ပါစီးနင်းမှုက ပုံမှန်အနေအထားမှာပဲရှိတယ်။ ကုန်စည်ရရှိမှုကတော့ အားကောင်းခဲ့တယ်။ အခု မတ်လ ပထမပတ်ကနေ စပြီးတော့ ချော်ဆိပ်ကမ်းကနေ မတ္တရာ၊ သပိတ်ကျင်းနဲ့ ကသာဘက်ကို ဆန်၊ ဆီ၊ ပဲ၊ ပြောင်း၊ ဂျုံ စတဲ့ကုန်စည်တွေကို အရောင်းအဝယ်လုပ်မဲ့ ကုန်သည်တွေ လိုက်ပါစီးနင်းမှု မြန်ပြီးများလာတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေး ချော်ဆိပ်ကမ်းမှ ဖေဖော်ဝါရီလ နောက်ဆုံးပတ်က မတ္တရာ၊ သပိတ်ကျင်းနှင့် ကသာဘက်သို့ လိုက်ပါစီးနင်းသည့်ခရီးသွားဦးရေမှာ တစ်ရက်လျှင် ဦးရေ ၁၂၀ ကျော်သာရှိကြောင်း၊ မတ်လ ပထမပတ်မှစ၍ ချော်ဆိပ်ကမ်းမှ လိုက်ပါစီးနင်းသည့် ခရီးသွားဦးရေမှာ တစ်ရက်လျှင် ၃၀၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

"ချော်ဆိပ်ကမ်းတစ်ခုတည်းမှာ အခုလတ်တလော ကုန်စည်ရရှိမှုများလာတာကြောင့် ကုန်တင်၊ ကုန်ချလုပ်သား အယောက် ၄၀၀ ကျော်ထိ လုပ်ငန်းလုပ်ကိုင်နေကြတယ်။ ကုန်စည်တွေထဲမှာတော့ လတ်တလော ဆန်နဲ့ ကြက်သွန်ဖြူ စတဲ့ကုန်စည်တွေတင်ပို့မှု အားကောင်းလာပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ချော်ဆိပ်ကမ်းတွင် ခရီးသည်တင်သင်္ဘောအပါအဝင် ကုန်တင်သင်္ဘောအစီးရေ စုစုပေါင်း ၁၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စေတုတ္တရာမြို့နယ် ဖအိုင်း(အနောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)လုပ်ငန်းများ စစ်ဆေး

**စေတုတ္တရာ မတ် ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖအိုင်း(အနောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံစိုက်ပျိုးထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဖအိုင်း(အနောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေများဖြင့် နေကြာ၊ မြေပဲနှင့် အခြားဆီထွက်သီးနှံစိုက်ပျိုးထားရှိမှုအခြေအနေများနှင့် လအလိုက်ပြည်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ အတိုး၊ အရင်းငွေများကို သတ်မှတ်ကာလအတွင်း ပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

စေတုတ္တရာမြို့နယ် ဖအိုင်း(အနောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကို ပထမအကြိမ်အဖြစ် နေကြာသီးသန့်၊ ပဲတီစိမ်းနှင့်မတ်ပဲစိုက်ခင်းတွင် သီးညှပ်စိုက်ပျိုးသောနေကြာ၊ မြေပဲ၊ နှမ်းနှင့် အခြားဆီထွက်သီးနှံစိုက်ပျိုးသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ဖအိုင်း(အနောက်)ကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများအတွက် သက်သာသောအတိုးနှုန်းဖြင့် စိုက်ပျိုးစရိတ်များရရှိခြင်း၊ သွင်းအားစုများအတွက် ဈေးငွေများရရှိနိုင်ခြင်း၊ ဒေသတွင်းစားသုံးဆီဖူလုံမှုရရှိခြင်းနှင့် နှစ်စဉ်နေကြာစိုက်ပျိုးရန် မျိုးကောင်းမျိုးသန့်များ ရရှိမည်ဖြစ်ကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ပြောပြ၍ သိရသည်။

**ကိုညီ**




မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ကိုဝင်းကျော်အောင်-မနင်းနင်းမာမိသားစုက ဆွမ်း၊ ဆေးပဒေသာသင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ အဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များကို စက်သုံးဆီဖြန့်ဖြူးပေးရန် စီစဉ်ဆောင်ရွက်သွားမည်



**ရန်ကုန် မတ် ၇**

နွေရာသီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ စွမ်းအားပြည့်လည်ပတ်နိုင်ရေးအတွက် စက်သုံးဆီလုံလောက်စွာ ဖြန့်ဖြူးပေးသွားရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းမှ ဇဟိုအလုပ်အမှုဆောင် ဦးအောင်ပြည့်စုံထံမှ သိရသည်။

နှစ်စဉ် နွေရာသီကာလများတွင် လျှပ်စစ်ဓာတ်အားရရှိမှုနည်းပါးပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ စက်ရုံ၊ အလုပ်ရုံများ အနေဖြင့် စက်သုံးဆီအသုံးပြုကာ စွမ်းအားပြည့်လည်ပတ်မှုများပြုလုပ်ရကြောင်း၊ ထို့ကြောင့် ယခုနှစ်တွင် စွမ်းအားပြည့်လည်ပတ်နိုင်ရန် စက်သုံးဆီလုံလောက်စွာ ဖြန့်ဖြူးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ပြီလလောက်ကစတင်ပြီးတော့ စက်မှုဇုန်တွေက စက်ရုံ၊ အလုပ်ရုံတွေအနေနဲ့ စက်သုံးဆီကိုပဲ အဓိကအားထား လည်ပတ်ရမှာဖြစ်တဲ့အတွက် စက်သုံးဆီလုံလုံလောက်လောက် ဖြန့်ဖြူးပေးနိုင်ဖို့ UMFCCI နဲ့ ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်တွေက စီမံခန့်ခွဲရေးကော်မတီတွေက စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ စက်မှုဇုန်ပြင်ပက အသေးစား၊ အလတ်စားနဲ့ အငယ်စားစက်မှုလက်မှုလုပ်ငန်းတွေလဲ စက်သုံးဆီဝယ်ယူနိုင်ဖို့ စီစဉ်ပေးသွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်း ရောင်းချဖြန့်ဖြူးရေးအသင်းမှ ဇဟိုအလုပ်အမှုဆောင် ဦးအောင်ပြည့်စုံက ပြောပြသည်။

ထိုကဲ့သို့ စက်သုံးဆီလုံလောက်စွာ ဖြန့်ဖြူးနိုင်ရေးစီစဉ်ဆောင်ရွက်ရာတွင် စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများ၏ စက်သုံးဆီလိုအပ်ချက်အတိုင်း စက်သုံးဆီရောင်းချရေးလုပ်ငန်းများမှ ရောင်းချပေးနိုင်ရေး၊ စက်သုံးဆီလိုအပ်ချက်ရှိနေသည့် လုပ်ငန်းများအတွက်လည်း အမှန်တကယ်ရရှိစေရေးအတွက် စီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**

# မိုင်းဖြတ်မြို့နယ် ဟိုနားအာခါ(လားဟူ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဖြတ် မတ် ၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုနားအာခါ(လားဟူ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို မတ် ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာအုပ်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ အတိုး၊ အရင်းများကို သတ်မှတ်ရက်အတွင်း အချိန်မီပေးသွင်းနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၇၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဟိုနားအာခါ (လားဟူ)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ်သိန်း ၂၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၇၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၇၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# တောင်သာမြို့နယ် ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**တောင်သာ မတ် ၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေတို့ဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ တာဝန်ခံအင်ဂျင်နီယာများက ကော်မတီဝင်များနှင့်အတူ အင်ကြင်းသာ(တောတိုက်)ကျေးရွာနှင့်အောင်ဇေယျကျေးရွာတို့၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၉ ဒသမ ၂၈၉ သန်းဖြင့် အင်ကြင်းသာတောတိုက်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းအရှည် ၁၂၃၆၂ ပေ၊ အကျယ် ၁၂ ပေ၊ မြေသားအမြင့်နှစ်ပေနှင့် ချင်းမြေအမြင့်ကိုးလက်မခင်းခြင်းလုပ်ငန်းကို Royal We ကုမ္ပဏီကလည်းကောင်း၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၃၀ ဒသမ ၉၆၂ သန်းဖြင့် အောင်ဇေယျကျေးရွာ၌ ကုန်ထုတ်လမ်းအရှည်ပေ ၂၆၄၀၊ အကျယ် ၁၂ ပေ၊ အမြင့်မြေသားနှစ်ပေနှင့် ချင်းမြေအမြင့်ကိုးလက်မခင်းခြင်းလုပ်ငန်းကို စိန်ထွန်းဆိုင်ကုမ္ပဏီကလည်းကောင်း ၂၀၂၂ ခုနှစ် ဇွန်လဒုတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောပြ၍ သိရသည်။

**ချစ်ဦးကို**



# မြို့ပြအမွေအနှစ် မဟာမိတ်စစ်သင်္ချိုင်းများ

မောင်သာ(ရေးဟောင်းသုတေသန)

လူသားများစုဝေးနေထိုင်ကြရန် မြို့ပြများတည်ထောင်သည့်အချိန်မှစ၍ မြို့ပြလက္ခဏာများတွင် သင်္ချိုင်းများလည်း ပါဝင်ခဲ့သည်။ လူအများ ကွယ်လွန်ချိန်တွင် မြှုပ်နှံသည့်သင်္ချိုင်းများသည် မြို့နေပြည်သူများ၏ မှတ်တမ်းသမိုင်းနေရာတစ်ခုဖြစ်လာခဲ့သည်။

ကမ္ဘာစစ် နှစ်ကြိမ်တွင် လူများသန်းနှင့်ချီကာ သေဆုံး၊ ဒဏ်ရာရခဲ့ကြသကဲ့သို့ မရေမတွက်နိုင်သော အိုးအိမ်များလည်း ပျက်စီးဆုံးရှုံးခဲ့ကြသည်။ စစ်ပွဲကြီးများကြောင့် ကျန်ရှိခဲ့သည့် စစ်အနိဋ္ဌာရုံများအနက် စစ်သင်္ချိုင်းများကို စစ်၏ပြယုဂ်တစ်ခုအဖြစ် မြင်တွေ့ကြရသည်။

ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီးနောက် မဟာမိတ်နိုင်ငံများသည် စစ်ပွဲများတွင် ကျဆုံးခဲ့သည့် မဟာမိတ်စစ်သည်များ၏ အထိမ်းအမှတ်ဂူများထားရှိရန် နိုင်ငံအသီးသီး၌ မဟာမိတ်စစ်သင်္ချိုင်းများကိုတည်ဆောက်ခဲ့ကြသည်။ ထို့ကြောင့် ကျဆုံးစစ်သည်များ၏ ကျန်ရစ်သူမိသားစုများသည် စစ်သင်္ချိုင်းများရှိ အထိမ်းအမှတ်အုတ်ဂူများ၌ မိမိတို့ကိုးကွယ်သည့် ဘာသာထုံးတမ်းများအလိုက် သွားရောက်ဂါရဝပြုနိုင်ခဲ့ကြပြီး နှစ်ကာလကြာရှည်လာချိန်တွင် ၎င်းတို့သည် သမိုင်းဝင်နေရာများအဖြစ် ထင်ရှားလာခဲ့သည်။

**မြန်မာနိုင်ငံနှင့်စစ်သင်္ချိုင်းများ**

ဗြိတိသျှတို့သည် ရန်ကုန်မြို့၌ စစ်သင်္ချိုင်းနှစ်ခုနှင့် သံဖြူဇရပ်မြို့၌ စစ်သင်္ချိုင်းတစ်ခု တည်ဆောက်ဖွင့်လှစ်ခဲ့ရာ မြန်မာနိုင်ငံ၏ ပထမဆုံးမဟာမိတ်စစ်သင်္ချိုင်းဖြစ်သည့် ရန်ကုန်စစ်သင်္ချိုင်းကို ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်၌ ၁၉၄၅ ခုနှစ်တွင် ဖွင့်လှစ်၍ အထိမ်းအမှတ်အုတ်ဂူ ၁၃၈၁ ခုထားရှိခဲ့သည်။ ထို့အတူ မွန်ပြည်နယ် သံဖြူဇရပ်မြို့တွင် ၂၅ ဧက ကျယ်ဝန်းပြီး အုတ်ဂူ ၃၆၂၆ ခုရှိသည့် မဟာမိတ်စစ်သင်္ချိုင်းကို ၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘုရင်ခံ ဆာဟူးဘတ်ရန့်တို့က ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံရှိ စစ်သင်္ချိုင်းသုံးခုအနက် အကြီးဆုံးဖြစ်သည့် ထောက်ကြန့်စစ်သင်္ချိုင်းကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့၌ ၁၉၅၁ ခုနှစ်က စတင်အသုံးပြု၍ ၁၉၅၈ ခုနှစ်တွင် တရားဝင်ဖွင့်လှစ်ခဲ့သည်။ ထောက်ကြန့်စစ်သင်္ချိုင်းတွင် ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်ပွဲများအတွင်း မြန်မာနိုင်ငံ စစ်မြေပြင်အသီးသီးတွင် ကျဆုံးခဲ့သည့် မဟာမိတ်စစ်သည် ၆၃၇၄ ဦး၏ အထိမ်းအမှတ်အုတ်ဂူငယ်များကိုထားရှိခဲ့သည်။

**ရန်ကုန်စစ်သင်္ချိုင်း**

မြန်မာနိုင်ငံ၏ ပထမဆုံး မဟာမိတ်စစ်သင်္ချိုင်းဖြစ်သည့် ရန်ကုန်စစ်သင်္ချိုင်းကို စမ်းချောင်းမြို့နယ် ယခုဟံသာဝတီအဝိုင်းအနီး မုန့်လက်ဆောင်းကုန်း တောင်ရပ်ကွက် မြေနီလမ်းတွင် ၁၉၄၅ ခုနှစ်က ဖွင့်လှစ်ခဲ့သည်။ ဗြိတိသျှတို့သည် ဂျပန်များ လက်အောက်မှ ရန်ကုန်မြို့ကို ၁၉၄၅ ခုနှစ် မေလတွင် ပြန်လည်ရယူခဲ့ပြီးနောက် ရန်ကုန်စစ်သင်္ချိုင်းနေရာကိုသုသာန်အဖြစ် အသုံးပြုခဲ့သည်။ ထိုစဉ်က ရန်ကုန်ထောင်အတွင်း ကွယ်လွန်ခဲ့သည့် မဟာမိတ်စစ်သုံ့ပန်းများအပါအဝင် ရန်ကုန်မြို့နှင့် အနီးဝန်းကျင်ဒေသများတွင် မြှုပ်နှံခဲ့သည့် မဟာမိတ်စစ်သည် အလောင်းများကို ရန်ကုန်စစ်သင်္ချိုင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ထို့အတူ ပထမကမ္ဘာစစ်အတွင်း ရန်ကုန်မြို့တွင် သေဆုံးခဲ့ပြီး ရန်ကုန်တပ်မြေသင်္ချိုင်းတွင် မြှုပ်နှံထားသည့် မဟာမိတ်စစ်သည် ၃၅ ဦးနှင့် ပုဇွန်တောင်တွင် မြှုပ်နှံထားသူတစ်ဦး၏ ရုပ်ကြွင်းတို့ကို ၁၉၄၈ ခုနှစ်တွင် ရန်ကုန်စစ်သင်္ချိုင်းသို့ ပြောင်းရွှေ့ခဲ့သည်။

ရန်ကုန်စစ်သင်္ချိုင်းတွင် အထိမ်းအမှတ်ဂူ ၁၃၈၁ ခုရှိသည့်အနက် ၈၆ ခုသည် အမည်မှတ်တမ်းမရှိချေ။ စစ်သင်္ချိုင်းဝင်ပေါက်တွင် ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ် အတွင်း ကွယ်လွန်ခဲ့သူများကို ရည်ညွှန်းလျက် "ဤနေရာ၌ ဂုဏ်ပြုအပ်သည့် ရေတပ်၊ ကုန်းတပ်နှင့် လေတပ်သားများ နိယာမခေါင်းချဖို့ရန် ဤသုသာန်တည်ရှိသောမြေနေရာသည်ကား မြန်မာလူမျိုးတို့၏ ကောင်းမှုတည်း"ဟု မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ကမ္ပည်းရေးထိုးထားသည်။

**မင်္ဂလာဒုံ ထောက်ကြန့်စစ်သင်္ချိုင်း**

လက်ရှိ မင်္ဂလာဒုံမြို့နယ်သည် ၄၁ ဒသမ ၆၉ စတုရန်းမိုင်ကျယ်ဝန်းပြီး ရပ်ကွက် ၂၇ ခု၊ ကျေးရွာအုပ်စု ငါးခု၊ ကျေးရွာ ၂၀ ဖြင့်ဖွဲ့စည်းထားသည်။

မင်္ဂလာဒုံမြို့နယ်၌ စေတီနှင့် ဘုရား ၁၂၂ ဆူရှိသည့်အနက် ကျိုက္ကလော့၊ ကျိုက္ကလဲ့နှင့် ကလိုင်ထော်ဘုရားတို့သည် အထင်ရှားဆုံးဖြစ်ကာ အထင်ရှားဆုံးသော သမိုင်းဝင်အဆောက်အအုံသည် ထောက်ကြန့်စစ်သင်္ချိုင်းဟု ထင်ရှားသည့် ဓနသဟာယစစ်သင်္ချိုင်း



မင်္ဂလာဒုံမြို့နယ်ရှိ ထောက်ကြန့်ဓနသဟာယစစ်သင်္ချိုင်းကို တွေ့ရစဉ်။

ဖြစ်ပြီး ရန်ကုန်-ပြည်ကားလမ်းမကြီး ခြံအမှတ်(၁)တွင် တည်ရှိသည်။

ထောက်ကြန့်စစ်သင်္ချိုင်းသည် ရန်ကုန်-ပြည် ကားလမ်းမ၏ အရှေ့ဘက်ခြမ်း မင်္ဂလာဒုံမြို့နယ်တွင် တည်ရှိကာ ရန်ကုန်မြို့မှ မြောက်ဘက်သို့ ၂၅ ကီလိုမီတာ (၁၆ မိုင်)ကွာဝေးပြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ကျေးရွာအနီးတွင်တည်ရှိသဖြင့် ထောက်ကြန့်စစ်သင်္ချိုင်းဟု ထင်ရှားခဲ့သည်။ ထောက်ကြန့်မြို့သည် ယခင်က ရွာကြီးတစ်ရွာသာဖြစ်သော်လည်း ရန်ကုန်-ပဲခူး ကားလမ်းနှင့် ရန်ကုန်-ပြည် ကားလမ်းဆုံဖြစ်သဖြင့် စည်ကားသောနေရာတစ်ခုဖြစ်သည်။

စစ်သင်္ချိုင်းအဝတွင် စိုက်ထူထားသည့် အစိမ်းရောင်ဆိုင်းဘုတ်ပေါ်တွင် "ဤသင်္ချိုင်းတည်ရှိရာ မြေသည်ကား ပထမနှင့် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သော ကုန်းတပ်၊ ရေတပ်၊ လေတပ်သားတို့၏ ထာဝရလဲလျောင်းရာနှင့် ကျန်ရစ်သူတို့ လာရောက်ဂါရဝပြုရာ ဆိတ်ငြိမ်ပရဝဏ်ဖြစ်သည်"ဟု မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် ရေးသားထားသည်။

ထောက်ကြန့်စစ်သင်္ချိုင်းသည် ၁၄ ဒသမ ၁ ဧက ကျယ်ဝန်း၍ ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံ စစ်မြေပြင်အသီးသီးတွင် ကျဆုံးခဲ့သည့် မဟာမိတ်စစ်သည် ၆၃၇၄ ဦးတို့၏ အထိမ်းအမှတ်အုတ်ဂူငယ်များကိုထားရှိသည်။ အုတ်ဂူ ၅၂ ခုသည် ပထမကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သူများ၏ ဂူများဖြစ်ပြီး အုတ်ဂူ ၈၆၇ ခုသည် အမည်မသိ စစ်သည်များ၏ဂူများဖြစ်သည်။ ၎င်းတို့တွင် အိန္ဒိယလူမျိုးစစ်သည် ၁၈၁၉ ဦးပါဝင်ပြီး ၁၉၄၅ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်တွင်ကျဆုံးခဲ့သည့် မြန်မာအင်ဂျင်နီယာတပ် (BURMA SAPPER & MINERS)မှ အသက် ၃၁ နှစ်ရွယ် ဗိုလ်ကြီး စိန်ထွန်း၏အမှတ်တရ အုတ်ဂူကိုလည်း မြင်တွေ့နိုင်သည်။

ထောက်ကြန့်စစ်သင်္ချိုင်းကို ၁၉၅၁ ခုနှစ်တွင် စတင်အသုံးပြုခဲ့ပြီး ၁၉၅၈ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ဝန်ကြီးချုပ်ဦးနုနှင့် ဗိုလ်မှူးကြီး ဖရန်စစ်ဖက်စ်တင်းတို့က ဖွင့်လှစ်ခဲ့သည်။

သေဆုံးသူအများစုသည် ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသဖြင့် အထိမ်းအမှတ်ဂူငယ်များပေါ်တွင် ခရစ်ယာန်ဘာသာ အထိမ်းအမှတ် လက်ဝါးကပ်တိုင်ပုံများကို ပြုလုပ်ထားသည်။ ထို့အတူ ဗုဒ္ဓဘာသာဝင်များ၏ အထိမ်းအမှတ်ဂူများတွင် အမည်နှင့် ယှဉ်တွဲလျက် စေတီပုံများကိုမြင်ကြရသည်။ အစ္စလာမ်ဘာသာကိုးကွယ်သူများ၏ အုတ်ဂူများကို အာရဗီစာဖြင့် မှတ်တမ်းရေးထိုးထားသည်။

စစ်သည်အများစုသည် မြန်မာနိုင်ငံ စစ်မြေပြင်လေးခုဖြစ်သည့် မိတ္ထီလာ၊ စစ်တွေ၊ မန္တလေးနှင့် ဆားမှော်တို့တွင် ကျဆုံးခဲ့ကြသူများဖြစ်ကာ စစ်သည်များ၏ ရုပ်ကြွင်းများကို အဆိုပါဒေသ သုသာန်များတွင် ရေရှည်ထိန်းသိမ်းရန်ခက်ခဲမှုရှိသဖြင့် ရန်ကုန်မြို့သို့သယ်ယူပြီး ထောက်ကြန့်စစ်သင်္ချိုင်းတွင် မြှုပ်နှံခဲ့သည်။ မြစ်ကြီးနားတိုက်ပွဲတွင်ကျဆုံးပြီး မြစ်ကြီးနားချင်ဒစ်သုသာန်တွင် မြှုပ်နှံထားသော စစ်သည်ရုပ်ကြွင်းများကို ထောက်ကြန့်စစ်သင်္ချိုင်းသို့ နောက်ဆုံးသယ်ယူခဲ့သည်။

ပထမကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည့်မဟာမိတ်စစ်သည်များအနက် ဟင်္သာတမှ ရုပ်အလောင်းတစ်ခု၊ မိတ္ထီလာစစ်တပ်နယ်မြေမှ ရုပ်အလောင်းရှစ်ခု၊ သရက်မှ လေးခု၊ တန်မခန်မှ လေးခု၊ မန္တလေးစစ်တပ်မှ ၁၂ ခုနှင့် မေမြို့တပ်နယ်မှ ၂၂ ခု စုစုပေါင်း ရုပ်အလောင်း ၅၁ ခုကို ၁၉၅၀ ပြည့်နှစ်တွင် ထောက်ကြန့်စစ်သင်္ချိုင်းသို့သယ်ယူခဲ့သည်။ ပထမကမ္ဘာစစ်အတွင်း ကျဆုံးစစ်သည် ၁၉ ဦးတို့၏ရုပ်ကြွင်းများကို အောင်ပန်း၊ ပုသိမ်၊ ကွမ်းခြံကုန်း၊ လှိုင်ကော်၊ မိုင်းတုံ၊ ပြည်၊ ပျဉ်းမနားနှင့် ရွှေဘိုသင်္ချိုင်းတို့တွင် မြှုပ်နှံခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံ တောတွင်းနှင့် မြို့ရွာများ၏ လမ်းဘေးနေရာများတွင် မြှုပ်နှံခဲ့သည့် စစ်သည်တချို့၏ရုပ်အလောင်းများကိုလည်း ထောက်ကြန့်စစ်သင်္ချိုင်းသို့သယ်ယူခဲ့သည်။

ထောက်ကြန့် စစ်သင်္ချိုင်းတွင် မြှုပ်နှံထားသူများအနက် အင်္ဂလိပ်အစိုးရကချီးမြှင့်သော ဗစ်တိုးရီးယားတံဆိပ် (Victoria Cross) ရရှိသူ ခုနစ်ဦးပါဝင်ရာ နှစ်ဦးမှာ အိန္ဒိယစစ်သည်များဖြစ်ကြသည်။ စစ်သင်္ချိုင်းအမှတ်တရ ကျောက်စာတိုင်ပေါ်တွင် ရန်ကုန်စစ်မြေပြင်တွင်ကျဆုံးခဲ့သူများ၏ အမည်များကို မွေးသက္ကရာဇ်များ၊ ကျဆုံးရက်များနှင့် ယှဉ်တွဲလျက် မှတ်တမ်းတင်ထားကာ "သူတို့သည် လွတ်လပ်သောပြည်သူအားလုံးအတွက် ကျဆုံးခဲ့ကြသည်(They died for all free men)"ဟူသည့်စာကို အင်္ဂလိပ်၊ ဟင်ဒီ၊ အူရဒူ၊ မြန်မာဘာသာတို့ဖြင့် ရေးသားထားသည်။

ထောက်ကြန့်စစ်သင်္ချိုင်းသည် အာရှစစ်ဘက်ဆိုင်ရာအမှတ်တရနေရာများတွင် လာရောက်ကြည့်ရှုသူ အများဆုံးနေရာတစ်ခုဖြစ်၍ နိုင်ငံတကာတွင် Taukkyan War Cemetery ဟု ထင်ရှားခဲ့သည်။

**Rangoon Memorial**

ထောက်ကြန့်စစ်သင်္ချိုင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် Rangoon Memorial ကို အမှတ်တရဂူငယ်များ၏ အနောက်ဘက်တွင် မြင်တွေ့ကြရသည်။ စက်ဝိုင်းပုံ ပင်မအဆောက်အအုံ တစ်ဖက်စီတွင် ကျောက်တိုင် ၅၆ တိုင်စီ စိုက်ထူ၍ ၎င်းကျောက်တိုင် ၁၁၂ ခု မျက်နှာနှစ်ဖက်စီပေါ်တွင် မြန်မာနိုင်ငံ စစ်မြေပြင်များ၌ ကျဆုံးခဲ့သော စစ်သည် ၂၆၉၄၉ ဦး၏ အမည်များကိုရေးသားထားသည်။

Rangoon Memorial သည် ၃၁၄ ပေ ရှည်လျား၍ ၃၂ ပေမြင့်ကာ ဒီဇိုင်းကို ဗိသုကာ ဗိုလ်မှူး ဂျွန်ဘရောင်း(Henry John Brown)က ရေးဆွဲဆောက်လုပ်ခဲ့ကာ ၁၉၅၈ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ဗိုလ်မှူး ဂျွန်ဘရောင်းသည် မြို့ပြအင်ဂျင်နီယာတစ်ဦးဖြစ်ပြီး စစ်သင်္ချိုင်းများ တည်ဆောက်ရေးဗိသုကာဆိုင်ရာ အကြံပေးအဖွဲ့၏အထက်တန်း ဒုတိယဒါရိုက်တာအဖြစ် တာဝန်ယူခဲ့သည်။

စစ်သင်္ချိုင်းသို့လာရောက်ကြသူများသည် စစ်ပွဲများအတွင်း ကျဆုံးခဲ့သူများ၏ အထိမ်းအမှတ်ဂူများကို ကြည့်ရှုလျက် စစ်ပွဲ၏ အနိဋ္ဌာရုံများကို သတိမူမိ သကဲ့သို့ စစ်ပွဲများမရှိသော ငြိမ်းချမ်းသည့် လူမှုဘဝများကို တောင့်တမိကြမည်သာဖြစ်သည်။ စစ်သင်္ချိုင်းများကို လှပစွာမွမ်းမံလျက် အပန်းဖြေဥယျာဉ်များသဖွယ် ပြုလုပ်ထားသော်လည်း ၎င်းတို့သည် လူသားအချင်းချင်းဖြစ်ပွားခဲ့သည့် ရန်မီးတောက်လောင်ခြင်း၏သမိုင်းရလဒ်များကို သက်သေပြနေသည်။

မြန်မာနိုင်ငံရှိ ဗြိတိသျှ မဟာမိတ်စစ်သင်္ချိုင်းများကို တနင်္ဂနွေနေ့မှလွဲ၍ နေ့စဉ်နံနက် ၇ နာရီ မှ ညနေ ၅ နာရီထိ ဖွင့်လှစ်ထားရာ လာရောက်ကြည့်ရှုလေ့လာကြသူများကို နေ့စဉ်မြင်တွေ့ကြရသည်။ ၎င်းစစ်သင်္ချိုင်းများကို ဗြိတိန်နိုင်ငံ Maidenhead တွင် အခြေစိုက်သည့် ဓနသဟာယစစ်သင်္ချိုင်းကော်မရှင်(Commonwealth War Graves Commission) က ထိန်းသိမ်းစောင့်ရှောက်ပြီး စစ်သင်္ချိုင်းအသုံးစရိတ်များကို ဗြိတိသျှဓနသဟာယအဖွဲ့ဝင်နိုင်ငံများက မိမိတို့နိုင်ငံသားများ၏ အုတ်ဂူအရေအတွက်အတိုင်း အချိုးကျရန်ပုံငွေထည့်ဝင်ကြရသည်။ စစ်သင်္ချိုင်းများအထွေထွေစရိတ်အားလုံးကို ဗြိတိသျှဓနသဟာယ ရန်ပုံငွေမှ ကျခံပြီး စစ်သင်္ချိုင်းသို့ လာရောက်ကြည့်ရှုသူများကို ဝင်ကြေးမယူဘဲ ဖွင့်လှစ်ပြသထားသည်။

စစ်သင်္ချိုင်းများသို့ နိုင်ငံပေါင်းစုံမှ ကျဆုံးစစ်သည်များ၏ မိသားစုများက လာရောက်ဂါရဝပြုလေ့ရှိကြပြီး အောက်မေ့ဖွယ်အခမ်းအနားများ လာရောက်ပြုလုပ်ကြသကဲ့သို့ ပြည်တွင်းမှခရီးသွားများသည်လည်း သွားရောက် ကြည့်ရှုလေ့လာလေ့ရှိကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ မဟာမိတ်စစ်သင်္ချိုင်းသုံးခုအနက် ရန်ကုန်စစ်သင်္ချိုင်းနှင့် ထောက်ကြန့်စစ်သင်္ချိုင်းတို့သည် ရန်ကုန်မြို့ပြအမွေအနှစ်များအဖြစ် ထင်ရှားခဲ့ပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၃)**
- **ထိုင်း-မြန်မာမီးရထားလမ်း ကိုယ်တွေ့ရှေ့တပ်မှတ်တမ်း(လင်းယုန်သစ်လွင်)**
- **World Cemeteries in Myanmar(CWGC)**

# ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

(ခ) ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## စာဆိုနှင့်ကဗျာ

\- အနုလင်္ကာ သူ့ရင်လွှာမှ
ညင်သာသွယ်ဆင်း စမ်းနှယ်ညင်းလျက်
ရင်တွင်းဖတ်သူ အေးစေမှုသည်
ထပ်တူညီမျှ ရစေကြ။

\- သီရွေးကြောင်းရာ သည်လင်္ကာတွက်
ဖွယ်ရာထင်လင်း ပန်းတစ်ခင်းနှယ်
ပျံ့သင်းဖတ်သူ ရှိစေမှုသည်
ထပ်တူညီမျှ သိစေကြ။

\- လှပထည်ဝါ ခံ့ညားစွာတည့်
ချင့်ရာကြောင်းချက် တိမ်အနက်နှင့်
လိုက်ဖက်ညီစေ ရွေးချယ်ပေသည့်
ချိုပြေကြမ်းနု စကားစုလည်း
ဖတ်သူ့ရင်ဝယ် ထိရှလွယ်အောင်
သီသွယ်လှစ်ဟ ရွေးချယ်ရ။

\- ကဗျာတစ်ကုံး ဖွဲ့သီမှုန်းသော်
လုံးချင်းအနက် စွမ်းဂုဏ်ထက်ကို
မပျက်စေမှု ဂရုပြု၍
အနုလင်္ကာ တေးကဗျာသည်
စာအာဟာရ ဖြစ်စေရလျက်
ထိုမှတစ်သွင် ဆိပ်ကင်းစင်အောင်
တွေးမြင်နှိုင်းဆ ရွေးချယ်ရ။

\- အို . . .
"ရသ"ခြုံလွှမ်း "ဂုဏ်"အစွမ်းနှင့်
ထုံမွှမ်းယှက်ဖြာ "အလင်္ကာ"ဟု
ရတနာလည်ဆွဲ ဖိုးမောက်ကဲသည့်
သည်းထက်တည်လာ ထိုကဗျာသည်
ညင်သာသိမ်မွေ့ ညက်ပါဘိ။
ရင်လွှာခိုမွေ့ ထက်ပါ၏။ ။

**မောင်စိမ်းနောင်(လယ်ဝေး)**

## ကျုံပျော်မြို့နယ်တွင် နွေစပါး ၁၁၄၃၇ ဧက စိုက်ပျိုးပြီးစီး

**ကျုံပျော် မတ် ၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် နွေစပါး ၁၁၄၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး လျာထား ၁၈၄၃၇ ဧကကို ဇန်နဝါရီလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နွေစပါး ၁၁၄၃၇ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့်နွေစပါးများကို ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေစပါးစိုက်ပျိုးရာသီမှာ နွေစပါး ၁၈၄၃၇ ဧကထိ လျာထားစိုက်ပျိုးနေပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးတွေ အခက်အခဲမရှိ လျာထားချက်အတိုင်း အဆင်ပြေပြေစိုက်ပျိုးနိုင်ဖို့အတွက် မိုးစပါးတွေ ပြန်လည်ရိတ်သိမ်းပြီးချိန်ကစတင်ပြီး ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေး နည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ပေးထားပါတယ်။ ရေရရှိဖို့အတွက်နဲ့ ရေမြောင်းတွေ ပြန်လည်တူးဖော်တဲ့ လုပ်ငန်းတွေကိုလဲ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့ပြင် ဓာတ်မြေဩဇာနဲ့ အခြားလိုအပ်တာတွေကိုလဲ သက်ဆိုင်ရာဌာန အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ဆောင်ရွက်နေပါတယ်" ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် နွေစပါးလျာထား ၁၈၄၃၇ ဧကကို ရက် ၉၀၊ သီးထပ်ရင်၊ နှစ်လခွဲ စသည့် စပါးအမျိုးအစားများနှင့် အခြားစပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးထားကြောင်း၊ အဆိုပါနွေစပါးများ ဖြစ်ထွန်းအောင်မြင်စေရန်၊ စပါးအရည်အသွေးကောင်းမွန်စေရန်၊ စပါးထွက်နှုန်းကောင်းလာစေရန် စသည့်အသိပညာပေး၊ နည်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**



## မလှိုင်မြို့နယ် ငီးဖြူကန်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် မတ် ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘောက်ခွေးတောအုပ်စု ငီးဖြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို အဆိုပါကျေးရွာ၌ ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကိုတွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ငီးဖြူကန်ကျေးရွာတွင် တတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၂၄၀ ကို ငွေကျပ် ၃၁ ဒသမ ၁၅ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုည ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

## ပေါင်းတည်မြို့နယ် ခေမံကျေးရွာ၌ ၄၀၀ ပို့ဗာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပေါင်းတည် မတ် ၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခေမံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ပေါင်းတည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် ဝန်ထမ်းများသည် ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့်အတူ ခေမံကျေးရွာတွင် ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၁၀၅၀ သွယ်တန်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ခေမံကျေးရွာတွင် ၄၀၀ ဗို့ဓာတ်အားလိုင်းပေ ၁၀၅၀ သွယ်တန်းခြင်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၆ ဒသမ ၀၀၈၅ သန်းဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ အားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၈၀၊ လူ ၆၁၈ ဦးတို့ကို အကျိုးပြုမည်ဖြစ်ကြောင်း ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

**သုတ**

## နိုင်ငံတကာ သတင်းများ

# ရုရှားနိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်မည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

**ပေကျင်း မတ် ၇**

တစ်ကမ္ဘာလုံး ပထဝီနိုင်ငံရေး သဘောအရ လှုပ်လှုပ်ရှားရှားဖြစ်နေချိန်တွင် တရုတ်နိုင်ငံအနေဖြင့် ရုရှားနိုင်ငံနှင့် ဆက်ဆံရေး ဆက်လက်မြှင့်တင်ရမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းက ယနေ့တွင် ပြောကြားခဲ့သည်။

ပေကျင်းမြို့၌ ကျင်းပနေသည့် တရုတ်အမျိုးသားပြည်သူ့ကွန်ရက်ညီလာခံ သီးခြားဆွေးနွေးပွဲတစ်ပွဲ၌ တရုတ်နိုင်ငံခြားရေးဝန်ကြီးက အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတပူတင်တို့၏ ရင်းနှီးသော ဆက်ဆံရေးသည် တရုတ်-ရုရှား နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးကြီးသောအချက်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းက ပြောကြားခဲ့သည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် ယူကရိန်းပဋိပက္ခ မဖြစ်မီကပင် မဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေး ထားရှိမှုကြေညာထားသော နိုင်ငံများဖြစ်သည်။

ယူကရိန်းပဋိပက္ခကိုအကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများက ရုရှားနိုင်ငံကို အရေးယူပိတ်ဆို့မှုများပြုလုပ်ခဲ့ကြသော်လည်း တရုတ်နိုင်ငံကမူ ရုရှားကိုပြစ်တင်ရန်ငြင်းပယ်ခဲ့ပြီး အနောက်အုပ်စု၏အရေးယူပိတ်ဆို့မှုများကို ဝေဖန်ထားသည်။

ယူကရိန်းပဋိပက္ခအရှိန်မြင့်တက်လာရေးအတွက် တွန်းအားပေးနေသည့် မမြင်ရသောလက်တစ်စုံရှိနေသည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။ KKO



# အီရတ်နိုင်ငံသို့ ကြိုတင်ကြေညာထားခြင်းမရှိဘဲ အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောက်ရှိ

**ဘဂ္ဂဒက် မတ် ၇**

အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်သည် ကြိုတင်ကြေညာထားခြင်းမရှိဘဲ အီရတ်နိုင်ငံသို့ ယနေ့တွင် ရောက်ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ၏ အီရတ်ကျူးကျော်စစ်ပွဲ နှစ်(၂၀)ပြည့်ကာလ မတိုင်မီ ရက်သတ္တ နှစ်ပတ်မျှအလိုတွင် အီရတ်နိုင်ငံသို့ အမေရိကန်ကာကွယ်ရေးဝန်ကြီးရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

မိမိအနေဖြင့် အမေရိကန်-အီရတ် နှစ်နိုင်ငံမဟာဗျူဟာမြောက်ဆက်ဆံရေးကိုထပ်လောင်းအတည်ပြုနိုင်ရေးအတွက် အီရတ်နိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်က အီရတ်နိုင်ငံသို့ရောက်ရှိချိန်တွင် ပြောကြားခဲ့သည်။

ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်သည် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်အစိုးရအာဏာရရှိခဲ့ပြီးနောက်ပိုင်း အီရတ်နိုင်ငံသို့သွားရောက်ခဲ့သည့် ရာထူးအမြင့်ဆုံး အမေရိကန်အစိုးရတာဝန်ရှိသူတစ်ဦးဖြစ်သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်သည် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများခရီးစဉ်အတွင်း ကြိုတင်ကြေညာခြင်းမရှိဘဲ အီရတ်နိုင်ငံသို့ရောက်ရှိခဲ့သည်။

လွိုက်အော်စတင်သည် ၂၀၀၃ ခုနှစ် အီရတ်ကျူးကျော်စစ်စတင်ခဲ့ပြီးနောက် အီရတ်နိုင်ငံတွင်းရှိ အမေရိကန်တပ်များကို ကွပ်ကဲခဲ့သည့် နောက်ဆုံးတပ်မှူးဖြစ်ကြောင်း သိရသည်။ KKO

# ရုရှားရေနံပို့ကုန်အပေါ်အနောက်အုပ်စု၏ အမြင့်ဆုံးဈေးသတ်မှတ်ချက် အသိအမှတ်မပြုကြောင်း ရုရှားအစိုးရပြောကြား




**မော်စကို မတ် ၇**

အနောက်အုပ်စု နိုင်ငံများက ချမှတ်ထားသည့် ရုရှားရေနံပို့ကုန်များအပေါ် အမြင့်ဆုံးဈေးသတ်မှတ်ချက်ကို အသိအမှတ်မပြုကြောင်း ရုရှားအစိုးရက ယနေ့တွင် ပြောကြားခဲ့သည်။

ရုရှား ရေနံပို့ကုန်များအပေါ် ပေးချေရမည့် အမြင့်ဆုံးဈေးသတ်မှတ်ချက်မှာအလုပ်ဖြစ်ကြောင်း အမေရိကန်နိုင်ငံက ပြောကြားခဲ့ပြီးနောက် ရုရှားနိုင်ငံ၏ အဆိုပါတုံ့ပြန်ချက်ပေါ်ထွက်လာခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

သို့သော် ရုရှားရေနံပို့ကုန်များအတွက် အနောက်အုပ်စုက သတ်မှတ်ထားသည့် အမြင့်ဆုံးဈေးနှုန်းသတ်မှတ်ချက်များကို မိမိတို့ အသိအမှတ်ပြုထားခြင်းမရှိသလို နောင်တွင်လည်း အသိအမှတ်ပြုမည်မဟုတ်ကြောင်း ကရင်မလင်နန်းတော်ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် အတည်ပြုပြောကြားခဲ့သည်။

အနောက်အုပ်စု၏ အရေးယူပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရသည့်တိုင် ရုရှားနိုင်ငံ၏ စီးပွားရေးမှာ သိသိသာသာဦးမော့လာခဲ့သည်။

သို့သော် အနောက်အုပ်စုနိုင်ငံများက ရုရှားရေနံပို့ကုန်များအပေါ် အမြင့်ဆုံးသတ်မှတ်ထားမှုကြောင့် ရုရှားနိုင်ငံ၏ ကမ္ဘာတစ်ဝန်း ရေနံရောင်းချရေးကြိုးစားမှုများရှုပ်ထွေးခဲ့ရသည်။

အနောက်အုပ်စု၏ အမြင့်ဆုံးဈေးသတ်မှတ်ချက်ကို တုံ့ပြန်သည့်အနေဖြင့် နေ့စဉ်ရေနံထုတ်လုပ်မှုနှုန်းကို တစ်ရက်လျှင် ရေနံစိမ်းစည် ၅၀၀၀၀၀ ထိ လျှော့ချမည်ဟု ရုရှားနိုင်ငံက ကြေညာထားကြောင်း သိရသည်။ KKO

# တရုတ်နိုင်ငံအပေါ်ထားရှိသည့် မှားယွင်းသည့်သဘောထားကို ပြောင်းလဲရန် တရုတ်နိုင်ငံခြားရေးဝန်ကြီး အမေရိကန်ကို တိုက်တွန်း

**ပေကျင်း မတ် ၇**

အမေရိကန်နိုင်ငံ အနေဖြင့် တရုတ်နိုင်ငံအပေါ် ထားရှိသည့် မှားယွင်းသည့်သဘောထားများကို ပြောင်းလဲသင့်ပြီး ပြောင်းလဲခြင်းမရှိခဲ့ပါက ပဋိပက္ခနှင့် ထိပ်တိုက်ရင်ဆိုင်မှုများသာရှိလာနိုင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းက ယနေ့တွင် သတိပေးခဲ့သည်။

ပေကျင်းမြို့၌ ကျင်းပနေသည့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်ညီလာခံ သီးခြားဆွေးနွေးပွဲတစ်ခု ပြီးဆုံးချိန်၌ တရုတ်နိုင်ငံခြားရေးဝန်ကြီးက အဆိုပါအတိုင်းသတိပေးခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ အနေဖြင့် တရုတ်နိုင်ငံကို နည်းလမ်းတကျမျှမျှတတယှဉ်ပြိုင်ရမည့်အစား ဖိနှိပ်မှုနှင့်ပိတ်ဆို့မှုတို့ကို ကျင့်သုံးနေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက ဝေဖန်ခဲ့သည်။

တရုတ်နိုင်ငံအပေါ် ထားရှိသည့် အမေရိကန်နိုင်ငံ၏ သဘောထားနှင့် ရှုထောင့်တို့သည် ဆိုးဆိုးရွားရွား ပုံပျက်မှားယွင်းနေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက သုံးသပ်ခဲ့သည်။

အကယ်၍ အမေရိကန်နိုင်ငံ အနေဖြင့် အဆိုပါသဘောထားများကိုသာ ဆက်လက်ကိုင်စွဲထားမည်ဆိုပါက မိမိတို့နှစ်နိုင်ငံကြား ပဋိပက္ခနှင့် ထိပ်တိုက်ရင်ဆိုင်မှုများသာရှိလာနိုင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

တရုတ်(တိုင်ပေ) ပြဿနာ၊ ကုန်သွယ်ရေးပြဿနာနှင့်ယူကရိန်းပြဿနာအပါအဝင် ပြဿနာအမျိုးမျိုးတို့ကြောင့်မဟာအင်အားကြီးနိုင်ငံများဖြစ်ကြသည့် တရုတ်နှင့် အမေရိကန်နိုင်ငံတို့အကြား ဆက်ဆံရေးမှာ ပြီးခဲ့သည့်နှစ်များအတွင်း တင်းမာခဲ့ရကြောင်း သိရသည်။ KKO

# မြောက်ကိုရီးယား၏ဒုံးကျည်များကို ပစ်ချရန်ကြိုးစားမှုမှန်သမျှ စစ်ကြေညာမှုအဖြစ် မှတ်ယူမည်ဟု ကင်မ်ယိုဂျောင် သတိပေး

**ပြုံယမ်း မတ် ၇**

မြောက်ကိုရီးယား နိုင်ငံက စမ်းသပ်ပစ်လွှတ်သည့် ဒုံးကျည်များအား ပစ်ချရန်ကြိုးစားမှုမှန်သမျှကို စစ်ကြေညာမှုအဖြစ် မှတ်ယူမည်ဖြစ်ကြောင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်၏ ညီမ ကင်မ်ယိုဂျောင်က အမေရိကန်နိုင်ငံနှင့်မဟာမိတ်များကို ယနေ့တွင် သတိပေးခဲ့သည်။

ကင်မ်ယိုဂျောင်၏ အဆိုပါသတိပေးချက်ကို မြောက်ကိုရီးယားအစိုးရအာဘော် ကေစီအင်န်အေသတင်းဌာနက ယနေ့တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။




မြောက်ကိုရီးယား၏ မဟာဗျူဟာလက်နက်စမ်းသပ်မှုများကို စစ်ရေးနည်းလမ်းဖြင့် ဟန့်တားရန် အမေရိကန်နိုင်ငံက ကြိုးစားခဲ့လျှင် စစ်ကြေညာမှုအဖြစ် မှတ်ယူမည်ဖြစ်ကြောင်း ကင်မ်ယိုဂျောင်၏ကြေညာချက်၌ ဖော်ပြထားသည်။

ထို့အတူ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကြောင့် ကိုရီးယားကျွန်းဆွယ်ဒေသ၌ တင်းမာမှုများ မြင့်တက်လာရခြင်းဖြစ်ကြောင်း ၎င်း၏ကြေညာချက်၌ ဝေဖန်ထားသည်။

ကင်မ်ယိုဂျောင်၏ကြေညာချက်အရ မြောက်ကိုရီးယားနိုင်ငံသည် မကြာမီကာလအတွင်း ပစိဖိတ်သမုဒ္ဒရာရေပြင်အတွင်းသို့ ဒုံးကျည်များ ပစ်လွှတ်ဖွယ်ရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံနှင့်တောင်ကိုရီးယားတို့၏ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို တုံ့ပြန်သည့်အနေဖြင့် ပစိဖိတ်သမုဒ္ဒရာကို ဒုံးကျည်စမ်းသပ်ရေးနယ်မြေအဖြစ် ပြောင်းလဲပစ်မည်ဟု မြောက်ကိုရီးယားနိုင်ငံက ခြိမ်းခြောက်ထားကြောင်း သိရသည်။ KKO

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Belgorod ဒေသ၌ ယူကရိန်း၏တိုက်ခိုက်ရန်ကြိုးပမ်းမှုကို လေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် ရုရှားဟန့်တားနိုင်ခဲ့



ရုရှားနိုင်ငံ Belgorod ဒေသရှိ Novy Oskol မြို့ကို ယူကရိန်းတပ်ဖွဲ့များက ဒုံးကျည်များဖြင့် ပစ်မှတ်ထားတိုက်ခိုက်ရန် ကြိုးပမ်းခဲ့သော်လည်း ဝင်ရောက်လာသည့် ဒုံးကျည်များကို လေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် ရုရှားကြားဖြတ်ဟန့်တားခဲ့ကြောင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူး Vyacheslav Gladkov က ပြောကြားခဲ့သည်။

Novy Oskol မြို့အတွက် ကျွန်ုပ်တို့၏ လေကြောင်းရန်ကာကွယ်ရေးစနစ် တိုက်ပွဲဝင် အသင့်လုပ်ဆောင်ထားပြီးဖြစ်ကြောင်း၊ ရန်သူဒုံးကျည်သုံးစင်းပစ်ချနိုင်ခဲ့ကြောင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူး Vyacheslav Gladkov က မတ် ၆ ရက် နံနက်တွင် ၎င်း၏ Telegram ချန်နယ်တွင် ရေးသားခဲ့သည်။

ပဏာမ သတင်းအချက်အလက်များအရ အမျိုးသားတစ်ဦး လက်မောင်းတွင် ဒဏ်ရာများရရှိခဲ့ကြောင်း၊ ကြားဖြတ်ပစ်လွှတ်လိုက်သောဒုံးကျည်များမှ အပျက်အစီးများ ပြန်လည်ပြုတ်ကျလာမှုကြောင့် မြို့တွင်းကျေးရွာများရှိ မဟာဓာတ်အားလိုင်းများနှင့် နေအိမ်အများအပြား ပျက်စီးသွားကြောင်း၊ သက်ဆိုင်ရာလုံခြုံရေးအဖွဲ့များနှင့် အရေးပေါ် ဝန်ဆောင်မှုများအားလုံးကို အချင်းဖြစ်ပွားရာသို့ ဖြန့်ကြက်ချထားခဲ့ကြောင်း ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူး Vyacheslav Gladkov က ပြောကြားခဲ့သည်။

Novy Oskol မြို့သည် ဒေသတွင်း မြို့တော် Belgorod မြို့၏အရှေ့မြောက်ဘက် ၁၀၉ ကီလိုမီတာ (၆၈မိုင်)အကွာတွင်တည်ရှိပြီး လူဦးရေ ၁၈၀၀၀ ခန့် နေထိုင်သောမြို့တစ်မြို့ဖြစ်သည်။

ယူကရိန်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသည့် Belgorod၊ Bryansk နှင့် Kursk ဒေသများသည် ယူကရိန်း တပ်ဖွဲ့များမှ လွန်ခဲ့သည့်တစ်နှစ်ခန့်က ရုရှား၏အထူးစစ်ဆင်ရေးစတင်ချိန်မှစ၍ မောင်းသူမဲ့လေယာဉ်များ၊ ဒုံးကျည်၊ အမြောက်များဖြင့် ကြိမ်ဖန်များစွာတိုက်ခိုက်ခံခဲ့ရသည့် ပစ်မှတ်မြို့တော်များလည်း ဖြစ်ခဲ့ရသည်။

တိုက်ခိုက်မှုများသည် စွမ်းအင်အခြေခံ အဆောက်အအုံများနှင့် လူနေရပ်ကွက်များကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်ကာ အဆောက်အအုံများပျက်စီးခြင်း၊ ဒေသခံပြည်သူများထိခိုက်ဒဏ်ရာရခြင်းနှင့် အရပ်သား အများအပြားသေဆုံးခဲ့ကြရသည်။

မကြာသေးမီရက်သတ္တပတ်များအတွင်း Belgorod ဒေသရှိ အခြေချနေထိုင်မှုများအပေါ် ပစ်ခတ်တိုက်ခိုက်နေမှုပုံစံအမျိုးမျိုးနှင့်ပတ်သက်၍ ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူး Gladkov က နေ့စဉ် အစီရင်ခံတင်ပြထားသည်ကို တွေ့ရသည်။

ပြီးခဲ့သည့် မတ် ၃ ရက်ကလည်း Bryansk ဒေသရှိ ရွာနှစ်ရွာတွင် ယူကရိန်း နယ်စပ်ဖြတ်ကျော်အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်မှုကြောင့် လူနှစ်ဦးသေဆုံးပြီး ၁၀ နှစ်အရွယ် ကလေးငယ်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။ အကြမ်းဖက်သေနတ်သမားများကို ယူကရိန်းပိုင်နက်သို့ မောင်းထုတ်ကာ အမြောက်ကြီးများဖြင့် တန်ပြန်ချေမှုန်းတိုက်ခိုက်ခဲ့ကြောင်း ရုရှားဖက်ဒရယ်လုံခြုံရေးဝန်ဆောင်မှု (FSB) ၏ အဆိုအရသိရသည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်က အဆိုပါဖြစ်ရပ်များအား အရပ်သားများကို တမင်တကာ ပစ်မှတ်ထားတိုက်ခိုက်နေသည့် အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် ပြစ်တင်ရှုတ်ချခဲ့သည်။

**Air defenses repel Ukrainian strike inside Russia – governor ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်နိုင်ငံက ယခုနှစ် ကာကွယ်ရေးအသုံးစရိတ် အမေရိကန်ဒေါ်လာဘီလီယံ ၂၃၀ ထိ တိုးမြှင့်သုံးစွဲမည်

တရုတ်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်သည် ယခုနှစ်တွင် ရာခိုင်နှုန်းအားဖြင့် ၇ ဒသမ ၂ ရာခိုင်နှုန်း၊ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၃၀ ထိ တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ နိုင်ငံတော်ဘတ်ဂျက်တွင်ပါရှိသော အချက်အလက်များအရ သိရသည်။ ဝန်ကြီးချုပ် Li Keqiang က တရုတ်(တိုင်ပေ)နှင့် တင်းမာမှုများကြားတွင် ၎င်းတို့၏စစ်ရေးစွမ်းရည်ကို တိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် တိုက်ပွဲဝင်အသင့်ကြိုတင်ပြင်ဆင်မှုအရှိန်မြှင့်တင်ရန် တရုတ်ပြည်သူ့လွှတ်တော်ရေးတပ်မတော်ကို တောင်းဆိုခဲ့သည်။

၂၀၁၉ ခုနှစ်နောက်ပိုင်း တရုတ်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ်တွင် ၇ ဒသမ ၂ ရာခိုင်နှုန်းတိုးလာမှုသည် အလျင်မြန်ဆုံး တိုးမြှင့်သုံးစွဲလာခြင်းဖြစ်သည်။ ကာကွယ်ရေး အသုံးစရိတ်တိုးမြှင့်သုံးစွဲမှုအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၂၀၂၀ ပြည့်နှစ်တွင် ၆ ဒသမ ၆ ရာခိုင်နှုန်း အသီးသီး တိုးမြှင့်ခွဲဝေအသုံးပြုခဲ့ကြသည်။ ၂၀၁၉ ခုနှစ်တွင် အာရှ၏ထိပ်တန်းစစ်အင်အားပိုင်ဆိုင်ထားသည့် တရုတ်နိုင်ငံသည် ၎င်း၏ကာကွယ်ရေးအသုံးစရိတ်ကို ၇ ဒသမ ၅ ရာခိုင်နှုန်းထိတိုးလာပြီး ယွမ် ၁ ဒသမ ၁၉ ထရီလီယံ (ဒေါ်လာ ၁၇၂ ဘီလီယံခန့်)ထိ ရောက်ရှိခဲ့သည်။ ယခုနောက်ဆုံးတိုးခြင်းသည် ပေကျင်း၏စစ်ဘက်ဆိုင်ရာအသုံးစရိတ်အတွက် ဂဏန်းတစ်လုံး ဆက်တိုက်နှစ်စဉ်တိုးလာခြင်းမှာ ရှစ်ကြိမ်မြောက်လည်းဖြစ်သည်။

ဘဏ္ဍာရေးဝန်ကြီးဌာနက ပြင်ဆင်ထားသည့်အစီရင်ခံစာနှင့်အတူ ပါလီမန်နှစ်ပတ်လည်အစည်းအဝေးကို အကျဉ်းချုံးကျင်းပခဲ့ရာ ဝန်ကြီးချုပ် Li Keqiang က မတ် ၅ ရက်တွင် ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်ခြင်းသည် တရုတ်စစ်ဘက်ကို အဓိကတာဝန်များကို ကျေပွန်အောင် ကောင်းစွာညှိနှိုင်းဆောင်ရွက်နိုင်သည်ဟု ပြောကြားခဲ့သည်။

ကျွန်ုပ်တို့၏တပ်မတော်သည် ၂၀၂၇ ခုနှစ် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်နှစ်တစ်ရာပြည့်ရည်မှန်းချက်များကို အာရုံစိုက်ကာစစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ရန်၊ တိုက်ပွဲဝင်အသင့်ပြင်ဆင်မှုများမြှင့်တင်ရန်နှင့် စစ်ရေးစွမ်းရည်မြှင့်တင်ရန် အကောင်အထည်ဖော်လုပ်ဆောင်သွားရမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်က ရုရှားအားစစ်ရေးအကူအညီများပံ့ပိုးရန် လမ်းဖွင့်ထားသည်ဟု စွပ်စွဲခံထားရသည့် တရုတ်နိုင်ငံသည် ၎င်းစွပ်စွဲချက်ကိုငြင်းဆိုထားပြီး လွတ်လပ်တက်ကြွသော နိုင်ငံခြားရေးမူဝါဒကို ငြိမ်းချမ်းရေးအတွက် ဆက်လက်တည်မြဲနေသင့်သည်ဟု ၎င်းကပြောကြားခဲ့ကာ ရုရှား-ယူကရိန်းပဋိပက္ခအကြောင်းကို ရည်ညွှန်း ထုတ်ဖော်ပြောကြားသွားခြင်းမျိုးမရှိပေ။



တရုတ်(တိုင်ပေ)၏ လွတ်လပ်ရေးတောင်းဆိုနေမှုအပေါ် ဆန့်ကျင်ရန် ပြတ်ပြတ်သားသား လုပ်ဆောင်နေချိန်တွင် ငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးအတွက် တရုတ်ခေါင်းဆောင်များက တရုတ်(တိုင်ပေ)နှင့် ဆက်ဆံရေးကို မြှင့်တင်သင့်ကြောင်း Li Keqiang က ပြောကြားခဲ့သည်။

**China boosts defense spending ကို ဘာသာပြန်ဆိုထားပါသည်။**

## အပစ်အခတ်ရပ်စဲမှသာလျှင် ယူကရိန်းပဋိပက္ခ အဆုံးသတ်နိုင်ကြောင်း ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီးပြော




ယူကရိန်းအကျပ်အတည်းကို ဖြေရှင်းရန်အတွက် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ကြိုးစားရှာဖွေလုပ်ဆောင်နေသည့်ဖြေရှင်းနည်းများသည် အဆင်မပြေဘဲ အပစ်အခတ်ရပ်စဲရေး ပြုလုပ်နိုင်မှသာ ယူကရိန်းပဋိပက္ခကို အဆုံးသတ်နိုင်မည်ဟု ဟန်ဂေရီနိုင်ငံခြားရေးဝန်ကြီး Peter Szijjarto က SVT ရုပ်သံလိုင်းနှင့် အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

"ပထမရည်မှန်းချက်က လူ့အသက်ပေါင်းများစွာ သေကျေပျက်စီးမှုတွေကို ရပ်တန့်နိုင်ဖို့ အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုတစ်ရပ် ပြုလုပ်နိုင်ရေးဖြစ်ပြီး အဲဒါကလွဲလို့ ဘာမှထပ်မရှိနိုင်ပါဘူး"ဟု Peter Szijjarto က ပြောကြားခဲ့သည်။

Szijjarto ၏အဆိုအရ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ အရေးယူပိတ်ဆို့အရေးယူမှုများသည် ယူကရိန်းပဋိပက္ခကို ရပ်တန့်နိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ရုရှားနိုင်ငံအပေါ်မှာ ပိတ်ဆို့အရေးယူမှုအစီအစဉ် ၁၀ ခုကို လုပ်ဆောင်ထားပြီး အဲဒါက ကျွန်တော်တို့ကို ပဋိပက္ခဖြေရှင်းရေးနဲ့ ပိုနီးစပ်စေသလား။ ရုရှားကို ဒူးထောက်စေခဲ့တာလား။ အဲဒါက ကျွန်တော်တို့အကျိုးယုတ်စေခဲ့ပါသလားဆိုတာ အဖြေရှာရမှာဖြစ်ပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံမှာ ကျွန်တော်တို့ ကြိုးစားရှာဖွေနေတဲ့ ဖြေရှင်းချက်နည်းလမ်းတွေဟာ ပဋိပက္ခနဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာမှာ ဝေးကွာလွန်းတာကြောင့် အဆင်မပြေခဲ့ဘူးလို့ ကျွန်တော်ထင်ပါတယ်"ဟု Peter Szijjarto က မှတ်ချက်ပြုခဲ့သည်။

"ဘာကြောင့် ယူကရိန်းကို လက်နက်မပို့တာလဲလို့ မေးမြန်းခဲ့တဲ့အခါ နိုင်ငံခြားရေးဝန်ကြီးက ကျွန်တော်တို့ဟာ ယူကရိန်းနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံဖြစ်ပြီး နောက်ထပ်လူတွေကို မသေစေချင်ပါဘူး။ အဲဒါကြောင့် ယူကရိန်းပဋိပက္ခကို ရပ်တန့်ဖို့ ကျွန်တော်တို့လုပ်ဆောင်နေပါတယ်။ လက်နက်တွေမပို့ပါဘူး။ ငြိမ်းချမ်းရေးကို ဆက်ပြီး ထောက်ခံအားပေးနေပါတယ်"ဟု Peter Szijjarto က ဖြေကြားခဲ့သည်။

**Only ceasefire can put end to conflict in Ukraine — Hungarian Foreign Minister ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

နိုင်ငံတကာ
**အားကစားသတင်းများ**

# တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ဂျင်ယန်းကို ကမ္ဘာ့အဆင့်(၃)နေရာသို့ တက်ရောက်

**ဆိုးလ် မတ် ၇**

စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် HSBC Women's World Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် တောင်ကိုရီးယားဂေါက်သီးရိုက်မယ်ဂျင်ယန်းကိုသည် အမေရိကန်အခြေစိုက် Rolex Women's World Rankings အဖွဲ့အစည်းက သတ်မှတ်သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ကမ္ဘာ့အဆင့်(၃)နေရာသို့တက်လှမ်းနိုင်ခဲ့ကြောင်း Cho Sun သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျင်ယန်းကိုသည် HSBC Women's World Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၌ လက်ရှိချန်ပီယံကို ကာကွယ်နိုင်ခဲ့သည့် ပထမဆုံးဂေါက်သီးရိုက်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သကဲ့သို့ကမ္ဘာ့အဆင့်(၅)နေရာမှ ကမ္ဘာ့အဆင့်(၃) နေရာသို့တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုက ကမ္ဘာ့အဆင့်(၁) နေရာနှင့် အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါက ကမ္ဘာ့အဆင့်(၂)နေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး ထိုင်းဂေါက်သီးရိုက်မယ် အက်သယာကလည်း ကမ္ဘာ့အဆင့်(၄) နေရာတွင်သာ ဆက်လက်ရပ်တည်နိုင်ခဲ့ကာ ယခင်ကမ္ဘာ့အဆင့်(၃)နေရာမှသြစတြေးလျဂေါက်သီးရိုက်မယ် မင်ဂျီလီက ကမ္ဘာ့အဆင့်(၅)သို့ကျဆင်းခဲ့သည်။

ဂျင်ယန်းကိုသည် ကစားသမားဘဝသက်တမ်းတစ်လျှောက် ၂၀၁၉ ခုနှစ်က ကမ္ဘာ့အဆင့်(၁)နေရာကို ပထမဆုံးအကြိမ်တက်ရောက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ် ဂေါက်သီးရိုက် ရာသီတို့တွင် အောင်မြင်မှုများ ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ လက်ကောက်ဝတ်ဒဏ်ရာကြောင့် ပြိုင်ပွဲများနှင့် လွဲချော်ခဲ့ရပြီး ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် ရလဒ်များကျဆင်းခဲ့သည့်အတွက် ကမ္ဘာ့အဆင့်(၁)နေရာအား ဖယ်ပေးခဲ့ရသည်။

ဂျင်ယန်းကိုသည် ယခုနှစ် ဂေါက်သီးရိုက်ရာသီ၌ ပုံစံကောင်းများ ပြန်လည်ရရှိလာခဲ့ပြီး ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရယူနိုင်ရန် ပစ်မှတ်ထားနေကာ မတ် ၂၃ရက်၌ အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်ကန်ညွှန့်တွင် ကျင်းပမည့် LPGA Drive On Championship ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ AZL

## ယူရိုပါလိဂ်(၁၆)သင်းအဆင့် ပ-အကျော့ ပွဲကြိုသုံးသပ်ချက်

ML

**မန်ယူ** *Vs* **ဘက်တစ်**

**ကစားမည့်ရက်/အချိန် ၁၀-၃-၂၀၂၃ (နံနက် ၀၂း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘက်တစ် ၁ - ၀ မန်ယူ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **မန်ယူ** | - | **အိမ်(နိုင်)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **ဘက်တစ်** | - | **အိမ်(နိုင်)** | **ဝေး(နိုင်)** | **အိမ်(သရေ)** |

မန်ယူအသင်းဟာ နောက်ဆုံးအိမ်ကွင်း ပွဲ ၂၀ ထိ ရှုံးပွဲမရှိသေးဘဲ တိုက်စစ်ပိုင်းကလဲ ပွဲစဉ်တိုင်းဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဘက်တစ်အသင်းကတော့ ကစားကွက်ပိုင်းမာကျောမှုရှိတယ်ဆိုပေမဲ့ အဝေးကွင်းဆိုရင်ပေးဂိုးများနေပါတယ်။ ဒါကြောင့် ပထမအကျော့မှာဂိုးပြတ်အနိုင်ယူပြီး နောက်တစ်ဆင့်တက်ရောက်ဖို့ကြိုးစားလာမဲ့ မန်ယူအသင်းကိုရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - မန်ယူ ၂ - ၀ ဘက်တစ်**

## အားကစားသတင်း အတိုအထွာများ

- လာမည့် မတ် ၁၉ ရက်တွင် ကစားရမည့် ကိုပါဒယ်ရေးဖလားဒုတိယအကျော့ပွဲစဉ်တွင် ကွင်းလယ်ကစားသမား ဒမ်ဘီလီလွဲချော်မည်ဖြစ်သောကြောင့် စိုးရိမ်မိကြောင်း ဘာစီလိုနာအသင်းက ဝန်ခံပြောကြားခဲ့သည်။
- မန်ယူအသင်းက ပစ်မှတ်ထားနေသည့် အေဂျက်အသင်းခံစစ်ကစားသမား တမ်ဘာအနေဖြင့် လာမည့်အပြောင်းအရွှေ့တွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း သိရသည်။
- ဘာစီလိုနာကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်းကိုခေါ်ယူမည့်အသင်းများထဲတွင် ချဲလ်ဆီးအသင်းပါဝင်လာခဲ့ပြီး ပြောင်းရွှေ့ကြေးယူရို သန်း ၈၀ ထိသုံးစွဲရန် လျာထားကြောင်း သိရသည်။ ML

# ဘရိုက်တန်အသင်းကိုရှုံးနိမ့်ခဲ့ပြီးနောက် ဝက်စ်ဟမ်းအသင်းနည်းပြ မိုယက်စ်နှင့် ကစားသမားများကြား တင်းမာမှုများရှိနေဟုဆို



**လန်ဒန် မတ် ၇**

ဘရိုက်တန် အသင်းက ဝက်စ်ဟမ်းအသင်းကို လေးဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းစနစ်ပိုင်းနှင့်ပတ်သက်၍ ဝက်စ်ဟမ်းအသင်းနည်းပြ ဒေးဗစ်မိုယက်စ်နှင့်အသင်းမှကစားသမားများကြား တင်းမာမှုများဖြစ်ပွားခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြမိုယက်စ်သည် ပြီးခဲ့သည့်လကတည်းက စပါးအသင်းကိုနှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ၃-၅-၂ ကစားကွက်ကိုအသုံးပြု၍ ခံစစ်အလွန်အကျွံ ကစားခဲ့သည့်အပြင် နော်တင်ဟမ်အသင်းကို အိမ်ကွင်းတွင် လေးဂိုးပြတ်အနိုင်ရခဲ့သည့်ပွဲစဉ်၌လည်းတိုက်စစ်အသားပေးကစားခဲ့သကဲ့သို့ လက်ရှိဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင်လည်း ခံစစ်အသားပေး ကစားလွန်းသောကြောင့် လေးဂိုးပြတ်ဖြင့် ထပ်မံရှုံးနိမ့်ခဲ့ရာ နည်းပြ၏ နည်းစနစ်ပိုင်းအပေါ် ကစားသမားများက ဝေဖန်မှုများပြုလုပ်ခဲ့ရာ ဘရိုက်တန်အသင်းနှင့် ပွဲစဉ်အပြီးတွင် အဝတ်လဲခန်းအတွင်း တင်းမာမှုများဖြစ်ပွားခဲ့ကြသည်။

နည်းပြမိုယက်စ်သည် ယခုနှစ်ဘောလုံးရာသီ၌ တိုက်စစ်ကစားပုံအမျိုးမျိုး အသုံးပြုကစားခဲ့သော်လည်း အသင်းတိုက်စစ်ပိုင်းက အမှတ်ပေးပြိုင်ပွဲ ၂၅ ပွဲကစားအပြီးတွင် ၂၃ ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး ရမှတ် ၂၃ မှတ်ဖြင့် အဆင့်(၁၆)နေရာ၌ရောက်ရှိနေကာ တန်းဆင်းဇုန်မှ အဲဗာတန်အသင်းနှင့် ရမှတ်တစ်မှတ်သာကွာဟနေပြီးတန်းဆင်းဇုန်ဖိအားရှိနေသော်လည်း ဝက်စ်ဟမ်းအသင်း ဘုတ်အဖွဲ့က နည်းပြမိုယက်စ်ကို ဆက်လက်ထောက်ခံပေးခဲ့သည်။

ဝက်စ်ဟမ်းအသင်းသည် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက ယူရိုပါလိဂ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်ထိတက်ရောက်နိုင်ခဲ့ပြီး ယခုနှစ် အပြောင်းအရွှေ့ ကာလများတွင် စတာလင်ပေါင် သန်း ၁၆၀ ထိ အသုံးပြု၍ အမှတ်ပေးပြိုင်ပွဲတွင် ဥရောပဝင်ခွင့်ရယူကာ အောင်မြင်မှုရယူနိုင်ရန် ပစ်မှတ်ထားနေသော်လည်း အသင်းမှ အဓိကကစားသမားများအပါအဝင် ဒဏ်ရာရကစားသမားများရရှိခဲ့သောကြောင့် အမှတ်ပေးပွဲစဉ် (၂၅)အပြီးတွင် တန်းဆင်းဇုန်အန္တရာယ်နှင့်ရင်ဆိုင်နေရကြောင်း သိရသည်။ ML

# အာဆင်နယ်အသင်းက ခံစစ်ကစားသမား တက်ဆိုဘာကို ယူရိုသန်း ၆၀ ဖြင့် ခေါ်ယူရန်ဆုံးဖြတ်

**လန်ဒန် မတ် ၇**

အာဆင်နယ် အသင်းသည် လေဗာကူဆင်အသင်းခံစစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် တက်ဆိုဘာကို လာမည့်နွေရာသီ၌ ပြောင်းရွှေ့ကြေးယူရိုသန်း ၆၀ ဖြင့် ခေါ်ယူရန် ဆုံးဖြတ်ထားကြောင်း Daily-cannon.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ တက်ဆိုဘာသည် လေဗာကူဆင်အသင်းနှင့် ၂၀၂၆ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း အာဆင်နယ်အသင်းက ဗဟိုခံစစ်ပိုင်းလိုအပ်ချက်အတွက် ၎င်းကို ကာလရှည်စိတ်ဝင်စားနေသကဲ့သို့ ၎င်းအနေဖြင့်လည်း ယခုနှစ်ဘောလုံးရာသီ အသင်းနှင့်အတူ အမှတ်ပေးပြိုင်ပွဲ ၂၃ ပွဲစလုံး အဓိကကစားသမားအဖြစ် ပွဲထွက်ကစားခွင့်ရရှိခဲ့ကာ တစ်ဂိုးသွင်းယူ၍ ပုံစံကောင်းရရှိနေသောကြောင့် အာဆင်နယ်အသင်းက ခံစစ်ပိုင်းဖြည့်တင်းရန်အတွက် နွေရာသီ အပြောင်းအရွှေ့တွင် ခေါ်ယူရန် ကြိုးပမ်းနေသည်။

လေဗာကူဆင် အသင်းသည် တက်ဆိုဘာကို ၂၀၂၀ ပြည့်နှစ်က ဂူမာရေ့စ်အသင်းမှ ယူရို ၂၀ ဒသမ ၂ သန်းဖြင့် ခေါ်ယူခဲ့သော်လည်း ၎င်းအနေဖြင့် ပွဲဦးထွက်ဘောလုံးရာသီ၌ အသင်းနှင့် ပြိုင်ပွဲစုံ ၁၄ ပွဲပါဝင်ခွင့်ရခဲ့ရာ နှစ်ဂိုးထိ သွင်းယူ၍ အကောင်းဆုံးပုံစံပြသနိုင်ခဲ့သောကြောင့် အဓိက ကစားသမားအဖြစ် ပုံမှန်ပွဲထွက်ခွင့်ရရှိခဲ့သည်။

လေဗာကူဆင်အသင်းက ခံစစ်ကစားသမားအတွက် ပြောင်းရွှေ့ကြေး ယူရိုသန်း ၅၀ ခန့်ရရှိပါက လက်လွှတ်မည်ဖြစ်သောကြောင့် အာဆင်နယ်အသင်းက နွေရာသီတွင် တက်ဆိုဘာကိုခေါ်ယူနိုင်ရန် သေချာလျက်ရှိပြီး လက်ရှိအာဆင်နယ်အသင်း ကစားသမားစာရင်းတွင်လည်း ပြည့်စုံသည့်အခြေအနေရှိနေသော်လည်း လာမည့်နှစ်၌ ဥရောပအဆင့်ပြိုင်ပွဲများ ကစားရာတွင် ကစားသမားလိုအပ်ချက်ရှိမည်ကို စိုးရိမ်သောကြောင့် နွေရာသီ အပြောင်းအရွှေ့ကာလ၌ အသင်းလူစာရင်းအား ထပ်မံဖြည့်တင်းရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ML

# ချဲလ်ဆီးအသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမှသာ အသင်းတွင်ဆက်ရှိရန် သေချာမည်ဟု ဂျာအိုဖီးလစ်ပြောကြား

**လန်ဒန် မတ် ၇**

ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလက ချဲလ်ဆီးအသင်းသို့ စတာလင်ပေါင် ကိုးသန်းဖြင့် ရာသီဝက်အငှားစာချုပ်ဖြင့် ရောက်ရှိခဲ့သည့် ဂျာအိုဖီးလစ်က လာမည့်ရာသီတွင် ချဲလ်ဆီးအသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမှသာ အသင်းတွင်ဆက်ရှိရန်သေချာမည်ဟုပြောကြားခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ်ရှိ ဂျာအိုဖီးလစ်သည် ချဲလ်ဆီးအသင်းသို့ အငှားစာချုပ်ဖြင့်မပြောင်းရွှေ့မီ အေတီကိုအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုခဲ့သူဖြစ်ပြီး ချဲလ်ဆီးအသင်းက ၎င်း၏ စွမ်းဆောင်ရည်ပိုင်းအပေါ် နှစ်သက်မှုရှိသောကြောင့် စာချုပ်သက်တမ်းကုန်ဆုံးပါက အပြီးသတ်ခေါ်ယူနိုင်ရန် ကြိုးပမ်းနေသော်လည်း ၎င်းက လာမည့်နှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိမှသာအသင်းနှင့် ကာလရှည်လက်တွဲမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ချဲလ်ဆီးအသင်းသည် ၂၀၂၃ ခုနှစ် အစပိုင်းမှစတင်ကာ ပြိုင်ပွဲစုံတွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်နေရသော်လည်း ဂျာအိုဖီးလစ်အနေဖြင့် ပါဝင်ခွင့်ရသည့် ပွဲစဉ်တိုင်းတွင် အသင်းအတွက် ခြေစွမ်းပြသနေသောကြောင့် ချဲလ်ဆီးအသင်းတာဝန်ရှိသူများက ၎င်းကို အပြီးသတ်ခေါ်ယူခွင့်ရရန် အေတီကိုအသင်းနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။



ဂျာအိုဖီးလစ်က "ချန်ပီယံလိဂ်ပြိုင်ပွဲမှာပါဝင်ကစားရတာက ဘာနဲ့မှမတူပါဘူး။ဒါကြောင့်ကစားသမားတိုင်းကလဲ ချန်ပီယံလိဂ်ပြိုင်ပွဲကို ပါဝင်ကစားချင်ကြတာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အသင်းမှာဆက်ရှိနေဖို့ဆိုတာ အသင်းရဲ့ ချန်ပီယံလိဂ်ကစားခွင့်ပေါ်မှာမူတည်ပါတယ်။ အခုချိန်မှာတော့ ချန်ပီယံလိဂ်(၁၆)သင်းအဆင့်အတွက်ပဲ အာရုံစိုက်ထားပါတယ်။ အနာဂတ်မှာ ဘာတွေဖြစ်လာမလဲဆိုတာမသိရပေမဲ့ ကျွန်တော့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲကစားဖို့ကအရေးကြီးဆုံးပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# ၂၀၂၂ အီတလီစီးရီးအေပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံး နိုင်ငံခြားသားကစားသမားဆုကို နာပိုလီတိုက်စစ်မှူး အိုဆီမန်ဆွတ်ခူး




ရောမ မတ် ၇

အီတလီ စီးရီးအေပြိုင်ပွဲ၏ ၂၀၂၂ တစ်နှစ်တာအကောင်းဆုံး နိုင်ငံခြားသား ကစားသမားဆုကို နာပိုလီတိုက်စစ်မှူး အိုဆီမန်က ဆွတ်ခူးနိုင်ခဲ့သည်ဟု Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အီတလီစီးရီးအေဘောလုံးအဖွဲ့ချုပ်က နှစ်စဉ် အီတလီစီးရီးအေပြိုင်ပွဲမှ အီတလီနိုင်ငံသားမဟုတ်သည့် နိုင်ငံခြားသားကစားသမားများမှ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ရွေးချယ်ချီးမြှင့်ပေးအပ်ခြင်းဖြစ်ပြီး ၂၀၂၂ ခုနှစ်အတွက် အိုဆီမန်က ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၄ နှစ်ရှိ အိုဆီမန်သည် ၂၀၂၀ ပြည့်နှစ်က လိုင်လီအသင်းမှ နာပိုလီအသင်းသို့ ယူရို ၇၂ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် နာပိုလီအသင်းနှင့်အတူ ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

အိုဆီမန်သည် ယခုနှစ်ဘောလုံးရာသီ အီတလီစီးရီးအေပြိုင်ပွဲတွင် အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေပြီး နာပိုလီအသင်းအနေဖြင့် စီးရီးအေ ချန်ပီယံဆုအတွက် အမှတ်ပေးဇယားထိပ်ဆုံး၌ ရပ်တည်နိုင်အောင် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြသလျက်ရှိနေပြီး အီတလီစီးရီးအေပြိုင်ပွဲတွင် ၂၁ ပွဲ ကစားခဲ့ရာတွင် ၁၉ ဂိုး ထိသွင်းယူနိုင်ခဲ့ကာ သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

STA

# ပြိုင်ဘက်ကို လက်ဆွဲနှုတ်ဆက်ခြင်းမရှိသည့် ယူကရိန်းတင်းနစ်မယ် ကော့ကျူ့ဝေဖန်ခံရ

ကိယက်ဗ် မတ် ၇

အမေရိကန်ပြည်ထောင်စု ... 

ဩစတြီးယားနိုင်ငံ အော့စတင်းမြို့တွင်ကျင်းပခဲ့သည့် ATX Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ယူကရိန်းတင်းနစ်မယ် ကော့ကျူ့နှင့်ရုရှားတင်းနစ်မယ် ဂရာချီဗာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကော့ကျူ့က (၆-၃၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သော်လည်း ဗိုလ်လုပွဲစဉ်အပြီး ပြိုင်ဘက်ကစားသမားကို လက်ဆွဲနှုတ်ဆက်ခြင်းမရှိသည့်အတွက် ဝေဖန်ခံနေရကြောင်းTennis Infi သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှား-ယူကရိန်းအရေးကြောင့် ကော့ကျူ့သည် ဂရာချီဗာကို လျစ်လျူရှုခဲ့ခြင်းဖြစ်သော်လည်း နိုင်ငံတကာ အားကစား သတင်းစာများက အားကစားနှင့် နိုင်ငံရေးရောယှက်ခဲ့ခြင်းအပေါ် အားကစားစိတ်ဓာတ်မရှိသူအဖြစ် ဝေဖန်ရေးသားခဲ့ကြသည်။

ကော့ကျူ့က"ဒီပြိုင်ပွဲမှာ အဆင့်တစ်ဆင့်ချင်းစီက တစ်ပွဲချင်းစီကို သေချာအာရုံစိုက်ပြီးယှဉ်ပြိုင်ကစားခဲ့လို့ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့တာပါ။ ကျွန်မကစားတဲ့ ပွဲစဉ်တိုင်းကို ပရိသတ်တွေ ပျော်ရွှင်စိတ်လှုပ်ရှားပြီး ကြည့်ရှုခွင့်ရစေချင်ပါတယ်။ ကျွန်မရဲ့အောင်မြင်မှုဟာ ယူကရိန်းပြည်သူတွေအားလုံးကို ရည်ညွှန်းပါတယ်။ ဒီပြိုင်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့တဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။ လာရောက်အားပေးခဲ့ကြတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလဲ ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ကော့ကျူ့သည် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပြိုင်ဘက်ကစားသမားဖြစ်သူ ဂရာချီဗာကို လက်ဆွဲနှုတ်ဆက်ခဲ့ခြင်းမရှိသလို ဂရာချီဗာနှင့် တွဲဖက်၍ ဓာတ်ပုံရိုက်ခဲ့ခြင်းမရှိသည့်အတွက် ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။

ATX Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ကော့ကျူ့အတွက် တင်းနစ်ကစားသမားဘဝ သက်တမ်းတစ်လျှောက် ATP Tour ၌ ချန်ပီယံဆုကို ပထမဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

AZL



# ရိမ်းအသင်း နည်းပြဝဲလ်စတေး ပရိုလိုင်စင်မရရှိသေးသည့်အတွက် ပွဲစဉ်တိုင်းတွင် ဒဏ်ကြေးငွေ စတာလင်ပေါင် ၂၂၀၀ ပေးဆောင်နေရ

ပဲရစ် မတ် ၇

ပြင်သစ်လီဂူးကလပ် ရိမ်းအသင်းသည်၎င်းတို့အသင်းနည်းပြဝဲလ်စတေးအား ဥရောပဘောလုံးအဖွဲ့ချုပ် ပရိုလိုင်စင်မရရှိသေးဘဲ အသင်းကို တာဝန်ယူကိုင်တွယ်နေသည့်အတွက် ၎င်းတာဝန်ယူကိုင်တွယ်နေသည့် ပွဲစဉ်တိုင်းတွင် ဒဏ်ကြေးငွေစတာလင်ပေါင် ၂၂၀၀ ကို ပွဲစဉ်တိုင်းပေးဆောင်နေရသည်ဟု L'Equipe သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရိမ်းအသင်းသည် နည်းပြဝဲလ်စတေးကို ၂၀၂၂ ခုနှစ်အောက်တိုဘာလက စတင်ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် နည်းပြဝဲလ်စတေးအနေဖြင့် ဥရောပဘောလုံးအဖွဲ့ချုပ်အသိအမှတ်ပြု နည်းပြလိုင်စင်မရရှိသေးဘဲ ရိမ်းအသင်းကို တာဝန်ယူကိုင်တွယ်နေသည့်အတွက် ဥရောပ ဘောလုံးအဖွဲ့ချုပ်၏ စည်းမျဉ်းများအရ ရိမ်းအသင်းသည် နည်းပြ ဝဲလ်စတေးတာဝန်ယူကိုင်တွယ်နေသည့် ပွဲစဉ်တိုင်းကို ဒဏ်ကြေးငွေအဖြစ် စတာလင်ပေါင် ၂၂၀၀ ပေးဆောင်နေရသည်။

လက်ရှိတွင် နည်းပြ ဝဲလ်စတေးသည် အသက် ၃၀ နှစ်သာရှိသေးသည့်အတွက် ယခုနှစ်ဘောလုံးရာသီဥရောပထိပ်တန်းလိဂ် ငါးခုဖြစ်သည့် ပရီးမီးယားလိဂ်၊ စပိန်လာလီဂါ၊ ဘွန်ဒက်လီဂါ၊ အီတလီစီးရီးအေနှင့် ပြင်သစ်လီဂူးပြိုင်ပွဲတို့တွင် အသက်အငယ်ဆုံးနည်းပြအဖြစ် ရပ်တည်နေသူဖြစ်သည်။

နည်းပြ ဝဲလ်စတေးအနေဖြင့် ရိမ်းအသင်းကို စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် ပြင်သစ်လီဂူးပြိုင်ပွဲတွင် ၁၁ ပွဲဆက်ရှုံးပွဲမရှိအောင် စွမ်းဆောင်ထားနိုင်ခဲ့ပြီး ပြင်သစ်ကိုပါဒယ်ရေး ဖလားပြိုင်ပွဲတွင် တစ်ပွဲသာ ရှုံးနိမ့်ထားပြီး ရမှတ် ၄၀ ဖြင့် အမှတ်ပေးဇယားအဆင့် (၈)နေရာတွင် ရပ်တည်နေကာ ဥရောပဝင်ခွင့်တစ်နေရာအတွက် အဆင့် (၅)နေရာမှ ရင်းနက်အသင်းနှင့် ခြောက်မှတ်သာ ကွာဟနေကြောင်း သိရသည်။

STA

# မန်ယူအသင်း အဓိကကွင်းလယ်ကစားသမား ကက်စ်မဲရိုး ဒူးဒဏ်ရာကြောင့် ဘက်တစ်အသင်းနှင့်ယူရိုပါလိဂ်ပွဲစဉ်ကို လွဲချော်ဖွယ်ရှိ



မန်ချက်စတာ မတ် ၇

မန်ယူအသင်းအဓိကကွင်းလယ်ကစားသမား ကက်စ်မဲရိုးသည် အသေးစား ဒူးဒဏ်ရာရရှိနေသည့်အတွက် ဘက်တစ်အသင်းနှင့် ကစားရမည့် ယူရိုပါလိဂ်ပြိုင်ပွဲ(၁၆)သင်းရှုံးထွက် ပထမအကျော့ပွဲစဉ်ကိုလွဲချော်ဖွယ်ရှိနေကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင် မန်ယူအသင်း အဓိက ကစားသမားအဖြစ် ခြေစွမ်းပြသလျက်ရှိနေသည့် ကက်စ်မဲရိုးသည် လီဗာပူးအသင်းကို မန်ယူအသင်းက ခုနစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် အသေးစားဒူးဒဏ်ရာ ရရှိခဲ့သည့်အတွက် ပွဲချိန် ၇၇ မိနစ်၌ဆာဘစ်ဇာနှင့် လူစားလဲထွက်ခွာခဲ့ရသည်။

လက်ရှိတွင် ကက်စ်မဲရိုး၏ ဒဏ်ရာမှာ ပြင်းထန်မှုမရှိသော်လည်း ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန်အတွက် ရက်အနည်းငယ်အနားယူရမည့်အခြေအနေကြောင့် ဘက်တစ်အသင်းနှင့်ကစားမည့် ယူရိုပါလိဂ်ပြိုင်ပွဲ (၁၆)သင်းရှုံးထွက် ပထမအကျော့ပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေပြီး မတ် ၁၂ ရက်တွင်ကစားမည့် ဆောက်သမ်တန်အသင်းနှင့် ပွဲစဉ်မှသာ ပြန်လည်ပါဝင်လာနိုင်ဖွယ်ရှိနေသည်။

မန်ယူအသင်း ကွင်းလယ်ပိုင်းတွင် ကက်စ်မဲရိုးမပါဝင်နိုင်သည့် ပွဲစဉ်များ၌ ပုံစံကောင်းပြသနိုင်ရန် ရုန်းကန်ရလေ့ရှိပြီး ကက်စ်မဲရိုးအပြင် အဓိက ကွင်းလယ်ကစားသမား အဲရစ်ဆင်သည်လည်း ဒဏ်ရာရရှိနေသည့်အတွက် နည်းပြတန်ဟတ်အနေဖြင့် ဘက်တစ်အသင်းနှင့်ပွဲစဉ်တွင် ဖရက်ဒ်နှင့် ဆာဘစ်ဇာအတွဲကို အသုံးပြုသွားရဖွယ်ရှိနေသည်။

မန်ယူအသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲ (၁၆)သင်းရှုံးထွက်အဆင့်ပွဲစဉ် ပထမအကျော့ပွဲစဉ်အဖြစ် မတ် ၁၀ ရက်တွင် ဘက်တစ်အသင်းကို အိမ်ကွင်း အိုးထရက်ဖို့ဒ်၌ လက်ခံကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

# စူပါဘင်တန်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲအဖြစ် စတီဗင်ဖူလ်တန်နှင့် နာအိုယာတို့ထိုးသတ်မည်

ယိုကိုဟားမား မတ် ၇

WBC၊WBO စူပါဘင်တန်ဝိတ်တန်းကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် လက်ရှိချန်ပီယံ အမေရိကန်လက်ဝှေ့သမား စတီဗင်ဖူလ်တန်နှင့် WBA(Super)၊ WBC၊ IBF၊ WBO ဘင်တန်ဝိတ်တန်း ချန်ပီယံ ဂျပန်လက်ဝှေ့သမား နာအိုယာတို့ မေ ၇ ရက်တွင် ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ထိုးသတ်ရန် သဘောတူညီမှုရရှိခဲ့သည်ဟု နာအိုယာက ထုတ်ပြန်ခဲ့ကြောင်း Fight Mag သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နာအိုယာသည် ဘင်တန်ဝိတ်တန်းတွင် ပြိုင်ဘက်ကင်းလက်ဝှေ့သမားအဖြစ် ကာလရှည်ရပ်တည်ထားသူဖြစ်ပြီး ဘင်တန်ဝိတ်တန်းမှ တစ်ဆင့် စူပါဘင်တန်ဝိတ်တန်းသို့ ပြောင်းရွှေ့ထိုးသတ်သွားမည်ဖြစ်ပြီး ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားနှစ်ဦးထိပ်တိုက်တွေ့ဆုံမည့်စိန်ခေါ်ပွဲဖြစ်သောကြောင့် ပရိသတ်များအတွက် စိတ်ဝင်စားစရာ စိန်ခေါ်ပွဲတစ်ပွဲဖြစ်သည်။

နာအိုယာသည် ဘင်တန်ဝိတ်တန်းတွင် ပြိုင်ဘက်ကင်းချန်ပီယံအဖြစ် ရာစုနှစ်ဝက်အတွင်း ပထမဆုံးပေါ်ထွက်လာသည့် လက်ဝှေ့သမားအဖြစ် မှတ်တမ်းဝင်ထားသူဖြစ်ပြီး စူပါဘင်တန်ဝိတ်တန်းလောကတွင်လည်း ပြိုင်ဘက်ကင်းချန်ပီယံအဖြစ် ရပ်တည်နိုင်ရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

စတီဗင်ဖူလ်တန်ကWBC၊WBO စူပါဘင်တန်ဝိတ်တန်း ချန်ပီယံခါးပတ်များကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် အကောင်းဆုံး ပြင်ဆင်လေ့ကျင့်ထားသည်ဟုပြောကြားခဲ့ကြောင်း သိရသည်။ AZL

# အိမ်ထောင်ရေး၏ ဆူးညှောင့်ခလုတ်ဖြစ်သော မယားခိုးမှု

စိန်လှိုင်ပိုင်

မြန်မာမှုနယ်ပယ်တွင် တစ်မိသားစုနှင့်တစ်မိသားစု ချစ်ခင်စုံမက်နှစ်သက်၍ နှစ်ဦးသဘောတူဖြစ်စေ၊ မိဘများ၏စီမံဆောင်ရွက်မှုဖြင့်ဖြစ်စေ လက်ထပ်ပေါင်းသင်းခြင်းသည် တစ်ဘဝစာဟုဆိုနိုင်ပါသည်။ သေတပန်သက်တဆုံး ရိုးမြေကျပေါင်းသင်းကြသော ဓလေ့သည် မြန်မာ့ဓလေ့ဖြစ်သည်။ သို့ရာတွင် ပြောင်းလဲတတ်သော လူ့သဘာဝအရ အကြောင်းအမျိုးမျိုးကြောင့် လက်တွဲဖြုတ်လမ်းခွဲကြသည်များလည်းရှိသည်။ အချို့မှာမူ အိမ်ထောင်ရေးဖောက်ပြန်သူများလည်းရှိသည်။ သို့ဖြစ်၍လည်း ရာဇသတ်ကြီးဥပဒေတွင်လည်းကောင်း၊ အသစ်ထပ်မံပြဋ္ဌာန်းထားသည့် တစ်လင်တစ်မယားဥပဒေတွင်လည်းကောင်း အိမ်ထောင်ရေးပြစ်မှုကျူးလွန်သူများအပေါ် ပြစ်ဒဏ်များ သတ်မှတ်ထားရှိသည်။

အိမ်ထောင်ရေးနှင့်ပတ်သက်၍ ဖောက်ဖျက်ကျူးလွန်မှုများအတွက် ယနေ့ကာလတွင်သာမက လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် အမှုအခင်းများရှိခဲ့ဖူးသည်။ စာရေးသူသည် လမ်းညွှန်စီရင်ထုံးစာအုပ်များကို ဖတ်ရှုလေ့လာရင်း ရာဇသတ်ကြီးဥပဒေပုဒ်မ-၄၉၇ နှင့်ပတ်သက်သည့် အမှုတစ်ခု၏ စီရင်ထုံးကို စိတ်ဝင်စားပါသဖြင့် စာဖတ်သူများကို ဝေမျှတင်ပြပါဦးမည်။ လွန်ခဲ့သော ၁၉၆၅ ခုနှစ်က အမှုဖြစ်သည်။

**အမှုဖြစ်စဉ်အကျဉ်း**

ပခုက္ကူမြို့ မြေတိုင်းစာရေး မောင်လှသောင်းသည် ကျောက်ပန်းတောင်းမြို့ ဘိုကုန်းရွာနေ မသန်းမြင့်နှင့် လွန်ခဲ့သောနှစ်နှစ်ခန့်က မြန်မာဗုဒ္ဓဘာသာတရားဥပဒေအရ ထိမ်းမြားလက်ထပ်ကာ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြသည်။ ဇနီးဖြစ်သူ မသန်းမြင့်အား သူ၏မိဘများနှင့်အတူနေထိုင်ရာ ဘိုကုန်းရွာသို့ပို့ထားပြီး မောင်လှသောင်းမှာ အလုပ်တာဝန်အရ ကွင်းဆင်းနေခဲ့ရသည်။ ၁၉၆၅ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် မောင်လှသောင်းသည် ဘိုကုန်းရွာသို့လိုက်လာပြီး မသန်းမြင့်အား ပြန်ခေါ်သည်။ မသန်းမြင့်က မလိုက်လိုကြောင်း ငြင်းဆိုသည်။

၁၉၆၅ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် မောင်လှသောင်းက ဘိုကုန်းရွာသူကြီး ဦးထွန်းမြိုင်နှင့် လူကြီးများအား သွားရောက်တိုင်ကြားရာ လူကြီးများက မသန်းမြင့်ကိုခေါ်ပြီး မေးမြန်းစေ့စပ်ချက်အရ မောင်လှသောင်း နောက်သို့လိုက်ရန် သဘောတူခဲ့သည်။ နောက်တစ်နေ့တွင် မောင်လှသောင်းသည် မသန်းမြင့်အား ကျောက်ပန်းတောင်းမြို့သို့ခေါ်လာပြီး မောင်ကျော်ရှိန်၏အိမ်၌ ခေတ္တတည်းခိုနေကြစဉ် ထိုနေ့ညနေတွင် မောင်လှသောင်း အပြင်ခေတ္တထွက်သွားခိုက် မောင်ကျော်ရှိန်အိမ်မှ မသန်းမြင့်ပျောက်သွားသည်။ လိုက်လံရှာဖွေသော်လည်း မတွေ့ပါ။ မောင်ကံမြင့်ဆိုသူက မသန်းမြင့်အား မောင်အောင်သိန်း (အယူခံတရားခံ)နှင့်အတူ မြင်းလှည်းစီးသွားသည်ကို ညနေ ၅ နာရီလောက်က တွေ့ရကြောင်း သတင်းပေးသဖြင့် ဇနီးဖြစ်သူကို မောင်အောင်သိန်းက ခိုးသွားကြောင်း သိခဲ့ရသည်။

နောက်တစ်နေ့တွင် မောင်လှသောင်းသည် သူကြီးဦးထွန်းမြိုင်နှင့် ရဲတပ်ကြပ်မောင်ချစ်စိန်တို့အား တိုင်ကြားသည်။ သူကြီးဦးထွန်းမြိုင်က မောင်အောင်သိန်း အိမ်သို့သွားရောက်ရာ မသန်းမြင့်နှင့်အတူ တွေ့ရှိရပြီး ၎င်းတို့နှစ်ဦးသဘောတူပေါင်းသင်းနေပြီဖြစ်၍ လျော်ကြေးပေးပြီး ကျေအေးနိုင်ရန်ပြောသည်။



မသန်းမြင့်သည် ၎င်းသည် လင်ဖြစ်သူ မောင်လှသောင်းနှင့်ကွာရှင်းပြီး၍ မောင်အောင်သိန်းအိမ်သို့ မိမိသဘောအတိုင်း တက်နေခြင်းသာဖြစ်ကြောင်း သက်သေခံစာကို ဒဟတ်ကုန်းရွာသူကြီး ဦးညိုရှေ့တွင် ရေးပေးခဲ့သည်။ မသန်းမြင့်က ၎င်းချစ်ကြိုက်၍ မောင်အောင်သိန်းနှင့်အတူသွားနေကြောင်း ပြောသည်။

အထက်ပါ သက်သေခံအထောက်အထားများအရ မောင်အောင်သိန်းအပေါ် ရာဇသတ်ကြီးဥပဒေပုဒ်မ-၄၉၇ ဖြင့် စွဲချက်တင်ရာ "မသန်းမြင့်တွင် လင်ရှိသည်ဟု မိမိမသိကြောင်း၊ မသန်းမြင့်မှာ ယောကျ်ား မောင်လှသောင်းနှင့် ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း၊ မသန်းမြင့်နှင့် ပေါင်းသင်းခြင်းမပြုခဲ့ရကြောင်း" ထုချေချက်အပေါ် "မသန်းမြင့်နှင့် မောင်လှသောင်းတို့မှာ ကွာရှင်းပြီးသည်ကတစ်ကြောင်း၊ ၎င်းတို့နှစ်ဦး ပေါင်းသင်းနေထိုင်ကြသည်ဆိုခြင်းမှာ မထင်ရှားသည်ကတစ်ကြောင်း ထိုအကြောင်းများကြောင့် အပြစ်မရှိဟု ကောက်ယူကာ မူလရုံးက မောင်အောင်သိန်းအား တရားသေလွှတ်ခဲ့သည်။

**နိုင်ငံတော်တရားရုံးချုပ်၏ စီစစ်သုံးသပ်ဆုံးဖြတ်ချက်**

မသန်းမြင့်တွင် လင်ယောကျ်ားရှိသည်။ မသန်းမြင့်၏လင်ယောကျ်ားမှာ မောင်လှသောင်းပင်ဖြစ်သည်ဆိုသောအချက်ကို မောင်အောင်သိန်း (အယူခံတရားခံ) ကောင်းစွာသိရှိကြောင်း မောင်ကံမြင့်(လိုပြ-၃)နှင့် မောင်သာညြ(လိုပြ-၈) တို့၏ ထွက်ဆိုချက်များအရ ထင်ရှားကြောင်း၊ မောင်သာညြသည် မသန်းမြင့်နှင့် အစ်ကိုဝမ်းကွဲတော်သူ တစ်ယောက်ဖြစ်ကြောင်း၊ အယူခံတရားခံကိုယ်တိုင်က ၎င်းသည် မသန်းမြင့်နှင့် သမီးရည်းစားဖြစ်နေပြီးမှ ယခုကိစ္စပေါ်ပေါက်လာရကြောင်း ဝန်ခံထားရာ "နေ့ချင်းတွေ့ပြီး နေ့ချင်းခိုးရာလိုက်သည့်ကိစ္စမဟုတ်သောကြောင့် မသန်းမြင့်မှာ ကာမပိုင်ရှိသည်ဆိုခြင်းကို မသိနိုင်စရာအကြောင်းမရှိကြောင်း" တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့သည်။

မသန်းမြင့်၏မိခင် ဒေါ်ကျော်(ခံပြ-၃) နှင့် အဒေါ် မစောရှင်(ခံပြ-၄) တို့က မောင်လှသောင်းလာခေါ်စဉ် မသန်းမြင့်က ပြန်မလိုက်လိုကြောင်းပြော၍ နှစ်ဦးသဘောတူ ဦးသောင်း၏အိမ်၌ ကွာရှင်းပြတ်စဲခဲ့ပြီးကြောင်း ထွက်ဆိုသွားကြသည်မှာ မှန်သော်လည်း အယူခံတရားခံဘက်မှ ဦးသောင်းကို သက်သေမပြခဲ့ခြင်းအပေါ် ရုံးတော်က ထောက်ရှုသုံးသပ်ခဲ့သည်။ မြန်မာဗုဒ္ဓဘာသာလူမျိုးများသည် နှစ်ဦးသဘောတူ လင်မယားကွာရှင်းသောကိစ္စများ၌ အသိသက်သေလူကြီးများရှေ့တွင် ပြုလုပ်လေ့ရှိရာ ယခုကဲ့သို့ တော်ရိလျော်ရိကွာရှင်းခဲ့ကြသည်ဆိုခြင်းမှာ ယုတ္တိမရှိကြောင်း ရုံးတော်က သုံးသပ်ခဲ့သည်။

သူကြီး ဦးထွန်းမြိုင်နှင့် လူကြီးများက မသန်းမြင့်ကို ခေါ်မေးသည့်အချိန်တွင် အကယ်၍ မသန်းမြင့်သည် မောင်လှသောင်းနှင့် ကွာရှင်းပြီးဖြစ်ပါမူ သူကြီးဦးထွန်းမြိုင်ကို ရုံးတော်ရှေ့မှောက်စစ်ဆေးစဉ်က ထိုကိစ္စနှင့်ပတ်သက်၍ လုံးဝမေးခွန်းမေးမြန်းခြင်းမရှိသည်ကို ထောက်ရှုလျှင် မသန်းမြင့်က မောင်လှသောင်းနှင့် နှစ်ဦးသဘောတူလင်မယားအဖြစ်မှ ကွာရှင်းပြီးဖြစ်သည်မှာ မဟုတ်မမှန်ကြောင်း ပေါ်လွင်နေရာ မသန်းမြင့်သည် မိမိတစ်ဦးတည်းသဘောဖြင့် မောင်လှသောင်းအား ကွာရှင်းခြင်းမပြုနိုင်ကြောင်း ရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။

ထို့ကြောင့် မောင်လှသောင်းနှင့် မသန်းမြင့်တို့သည် အခင်းဖြစ်ပွားစဉ်အချိန်က လင်မယားအဖြစ်မှ ကွာရှင်းထားပြီးဖြစ်သည်ဆိုသော အောက်ရုံး၏ ကောက်ယူချက်မှာ ပါစင်အောင်လွဲမှားနေကြောင်း၊ ထို့ပြင် အယူခံတရားခံကိုယ်တိုင်က မသန်းမြင့်နှင့် နှစ်ဦးသဘောတူပေါင်းသင်းလျက်ရှိ၍ လျော်ကြေးပေးပြီး ကျေအေးဆောင်ရွက်ပေးရန် သူကြီးဦးထွန်းမြိုင်အား ဝန်ခံပြောဆိုခဲ့ခြင်းသည် အယူခံတရားခံသည် မသန်းမြင့်နှင့် ပေါင်းသင်းနေထိုင်သည်ကိုဆိုလိုကြောင်း ယုံမှားဖွယ်မရှိနိုင်၊ ထိုကဲ့သို့ အယူခံတရားခံ၏ ဝန်ခံချက်များကို အောက်ရုံးတရားသူကြီးသည် မည်သို့မျှဝေဖန်ထားခြင်းမရှိကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ခဲ့သည်။

အထက်ပါအကြောင်းများကို ပေါင်းစပ်ကြည့်ရှုပါလျှင် အယူခံတရားခံသည် "လင်ရှိမယားအား လင်ရှိမှန်းသိပါလျက် လင်သဘောတူညီချက်မရဘဲ ပေါင်းသင်းစပ်ယှက်သည်မှာ ထင်ရှားကြောင်း၊ အောက်ရုံး၏အမိန့်သည် သက်သေထွက်ချက်အရသော်လည်းကောင်း၊ တရားဥပဒေအရသော်လည်းကောင်း၊ မှန်ကန်ခြင်းမရှိဘဲ ချွတ်ချော်မှားယွင်းနေသည့်အလျောက် ပယ်ဖျက်ရန်မှတစ်ပါး အခြားနည်းလမ်းမရှိတော့ပေ။ မယားခိုးသောအမှုမှာ လူမှုရေးတွင် အကျုံးဝင်သည့်အမှုတစ်ခုဖြစ်သည်။ အိမ်ထောင်ရေးလောက၏ သာယာပြေပြစ်မှုအား ဆူးညှောင့်ခလုတ်သဖွယ်ဖြစ်၍ ထိုပြစ်မှုကျူးလွန်သူအား မှတ်လောက်သားလောက်သည့် အပြစ်ဒဏ်ကို ချမှတ်ရပေသည်ဟုဆိုကာ မောင်အောင်သိန်းအား တရားသေလွှတ်ခဲ့သည့် အောက်ရုံးအမိန့်ကို ပယ်ဖျက်ကာ ၎င်းအား ရာဇသတ်ကြီးဥပဒေပုဒ်မ-၄၉၇ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ကိုးလကျခံစေရန် အမိန့်ချမှတ်လိုက်ပါသည်။ ရှေးကာလက နိုင်ငံတော်တရားရုံးချုပ်တရားသူကြီး၏ စီရင်ချက်စကားလုံးအသုံးအနှုန်းကို တွေ့မြင်သိရှိနိုင်ကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် မောင်အောင်သိန်း ၁၉၆၅ ခုနှစ် ရာဇဝတ်အယူခံမှုအမှတ်- ၂၉၈ ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# ကျိုက်မရောမြို့နယ် ကျွန်းရွာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ကျိုက်မရော မတ် ၇**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းရွာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မတ် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျွန်းရွာကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက လုပ်ငန်းများရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ကျေးရွာမှတာဝန်ရှိသူများကို မှာကြားသည်။

ကျွန်းရွာကျေးရွာ၌ အရှည်ပေ ၉၀၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ကျောက်ရောမြေတစ်ပေနှင့် ဂဝံကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်မူလခွင့်ပြုရန်ပုံငွေကျပ် ၁၆၇ ဒသမ ၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် ASP (Mawlamyine Group) ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် အောက်တိုဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။




အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်မှုကြောင့် ကျွန်းရွာကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ရာ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အကျိုးပြုစေမည်ဖြစ်ကြောင်း ကျိုက်မရော မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းစိုးက ပြောပြ၍ သိရသည်။

**အေးမြတ်**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing discusses region development tasks in Pa-O Self-Administered Zone





Senior General Min Aung Hlaing pays homage to Buddha Image.

**Nay Pyi Taw March 7**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by wife Daw Kyu Kyu Hla, the entourage, the chief minister of Shan State, the commander of the Eastern Command and officials visited Kyauktalone Gyi in Pa-O Self-Administered Zone this morning and discussed regional development tasks.

First, the Senior General and party arrived in Kyauktalone Gyi and were warmly welcomed by U Khun Myint Aung, U Khun Aung Kham, U Khun Nay Win Tun of the Pa-O National Organization, officials and local Pa-O residents.

Then, the Senior General and party proceeded to the home of Pa-O national leader Patron of the PNO U Aung Kham Hti and the Senior General asked after the health of U Aung Kham Hti.

Then, responsible officials reported to the Senior General on regional development tasks, measures taken for regional stability and needs.

After hearing the reports, the Senior General said priority must be given to tasks that will benefit the majority of people and region in carrying out manufacturing. It is necessary to take measures for the development of socioeconomic lives of all local people in carrying out agriculture, livestock breeding and manufacturing tasks. It is important to expand local agriculture, livestock breeding and manufacturing businesses for sustainable mass production. Livestock breeding including pigs, cows and chicken breeding must be carried out systematically and successfully. Cultivation of local avocados must be expanded as they are of high quality. Similarly, it is necessary to take manufacturing of value-added products from onions, potatoes and tea, which are mainly cultivated in the zone into consideration. Careless tapping of natural resources on and under the ground must be avoided and tasks that bring benefits in the long term must be carried out. It is necessary to conserve trees and forests in the zone. Instead of shifting cultivation, the highland farming system must be encouraged. Agriculture and livestock breeding can be carried out successfully through the cooperative system in Pa-O areas. The government and the Tatmadaw will continue to provide necessary assistance for development of Pa-O Self-Administered Zone as usual.

Then, the Senior General presented foodstuffs and gifts to U Aung Kham Hti, who gave local products and Dhamma gifts to the Senior General in return.

Then, the Senior General and party visited and paid obeisance to the Maha Vamsa Buddha Gaya Pagoda on Bo Panta Hill in Kyauktalone Gyi before offering flowers, water and lights to the pagoda.

Then, Chairman U Khun Nyunt Maung and members of the pagoda board of trustees presented Dhamma gifts to the Senior General, who donated cash for all-round renovation of the pagoda.

Afterwards, the Senior General and party paid obeisance to the Buddha image at the upper terrace of the pagoda and walked round the pagoda clockwise before giving necessary instructions on renovation of the pagoda for its durability and magnificence. 100



Senior General Min Aung Hlaing and Daw Kyu Kyu Hla accept a Dhamma gift.



Senior General Min Aung Hlaing and Daw Kyu Kyu Hla visit U Aung Kham Hti.



Senior General Min Aung Hlaing presents gifts to Pa-O national leader U Aung Kham Hti.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing visits Mwetaw Kakku Pagoda and Shwe Bone Pwint Pagoda in Taunggyi Township



**Nay Pyi Taw March 7**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and Wife Daw Kyu Kyu Hla, accompanied by members of the Council, union ministers, the Chief Minister of Shan State, senior military officers of Office of the Commander-in-Chief of Armed Forces and their wives, the Commander of Eastern Command and officials, visited the historic, ancient pagoda of Mwetaw Kakku in Taunggyi Township, Shan State (South), this morning.

Firstly, the Senior General and wife and party paid homage to the ancient pagoda and offered flowers, water, oil lamps and fruits to the pagoda. Then, the Senior General and wife made a cash donation for the pagoda through the chairman of the pagoda's board of trustees and officials.

Afterwards, the Senior General and party cordially greeted locals who visited the pagoda. Then, The Senior General and

*See Page 13*



Senior General Min Aung Hlaing hears salient points of Shwe Bone Pwint Pagoda.

Senior General Min Aung Hlaing admires the scenery of Taunggyi's landscape.






## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing inspects project of upgrading Shwenyaung-Taunggyi rail track section




Senior General Min Aung Hlaing hears report on sector-wise upgrading of Shwenyaung -Taunggyi railroad.

**Nay Pyi Taw March 7**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and party, accompanied by the Chief Minister of Shan State, the Commander of Eastern Command and officials, inspected tasks underway for upgrading the railway track section between Shwenyaung and Taunggyi in Shan State(South) this morning.

Firstly, Union Minister for Transport and Communications Admiral Tin Aung San reported to the Senior General on ground leveling works, quality control measures, progress of section-wise works, laying the rail lines, rebuilding the rail track section like the famous Bawa Thanthayar rail track in Shan State and tasks to be done.

Regarding the report, the Senior General said rail transportation is very beneficial to the region. The present project of upgrading the Shwenyaung-Taunggyi rail track section is aimed at transporting ordinary people who travel, promoting trade of goods, ensuring more trade of local mineral products and other products and attracting travellers. It is aimed to extend the rail track section to Pa-O region later. It is necessary to meet quality control standards in laying marble and building bridges for the rail lines. Priority should not be given to quick completion of the project, and there should not be failure in quality. It is necessary to build this rail track section systematically like building the Bawa Thanthayar rail track. Safety fences in some parts of the rail track section near motor roads are needed to be built and toe walls and drains as well.

Later, the Senior General and party took a tour of the project area, gave instructions on the reports by officials and presented a cash bonus to the project staff. 100



Senior General Min Aung Hlaing presents cash bonus to staff of Shwenyaung-Taunggyi railroad project.



*From Page 12*

party took a tour of the MweTaw Kakku Pagoda and gave instructions to the officials on keeping the prescient of the pagoda clean and preserving the ancient pagodas systematically for long-term existence.

Yesterday evening, they visited Shwe Bone Pyint Pagoda, the pride of Taunggyi.

On the visit, firstly, the Senior General and party were welcomed by U Win Aung, chairman of pagoda's board of trustees, and officials. Then, the Senior General and wife and party offered flowers, water and oil lamps and paid homage to the pagoda.

Then, the Senior General and party admired the scenery of Taunggyi's landscape from the viewpoint at the pagoda. After that, the Senior General gave instructions to the officials on conserving the city's natural resources for long-term existence.

Later, the Senior General made a cash donation for the pagoda through the chairman of the pagoda's board of trustees and officials. 100

Senior General Min Aung Hlaing and Daw Kyu Kyu Hla present cash donation for Shwe Bone Pwint Pagoda.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing meets MSME entrepreneurs from Shan State





Senior General Min Aung Hlaing discusses regional and economic development at a meeting with MSME entrepreneurs.

**Nay Pyi Taw March 7**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met MSME entrepreneurs from Shan State at Town Hall in Taunggyi this afternoon and discussed regional and economic development.

Present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, SAC members Admiral Tin Aung San, Dr Kyaw Tun, Union ministers, Shan State Chief Minister U Aung Zaw Aye, senior military officers from Office Commander-in-Chief, Eastern Command Commander Maj-Gen Hla Moe, deputy ministers, Shan State level officials, local elders and officials.

**Individual presentations on MSME operations and requirements**

The chief minister reported on MSME development undertakings, local and foreign investments, MSME operations, crop production, industrial zone-wise implementations, courses on manufacturing, value-added good production, one village one product businesses, production exhibitions, loans for farming and production businesses, and future programs for MSME development.

U Aung Win of Loimway Co Ltd, Daw Khaing Soe Thu of Moekaungkin Kayah Sausages Enterprise, Chairman U Aung Khin of Shan State (South) Myanmar Fruit and Flowers Exporters Association, farm entrepreneur Dr Sai Lon, U Myo Thet Lwin of Shan Orchard Ghee enterprise, and other attendees reported on production of value-added traditional food items, remaining issues in connection with external distribution and production growth, exportation of fruits and flowers of Shan State, extension of avocado cultivation, capital for further development of agriculture, government sponsored G2G programs for avocado export, capital for turning fruits into value-added products, government assistance for upgrading research labs, land for business extension, production roads and electricity supply for production businesses, assistance for potato cultivation in Naungtaya area, support for improving services of private hospitals, technological and financial support for development of local rice mills and organic fertilizer production in Inlay region. The Senior General asked for more information and looked into the requirements.

**Sector-wise clarification of Union ministers**

As regards the individual reports, Union ministers and deputy ministers explained ministry-wise implementations, procedures to contact the relevant ministry that will distribute soil-friendly potato strains and to quality rice seeds, proper means to reclaim land for agriculture and receive financial aid, soft loans for business extension, provision of machinery and financial capital for rural development, socio-economic development and income generation through establishment of cooperative societies, means to contact local branches of departments under the relevant ministries that are distributing quality seeds and other inputs, ministry-wise and region/state-wise support for MSME development, industrial registration services, strict official actions and collective efforts against illegal trade which can hurt local economy a lot, means to ask technical and mechanical assistance for erection of husk-burn power stations, quality inspection of food products and issuance of FDA certificates, and ongoing training programs. The chief minister promised serious attention to the needs and swiftest means to look into the them through involvement of ministries.



Senior General Min Aung Hlaing hears report on MSME products at a booth.

**Supplementary guidance on food security**

In his speech, the Senior General said that officials have already replied to discussions of businesspersons. Varieties of foodstuffs comprise illegally imported foodstuffs and domestically produced foodstuffs. All need to emphasize the food security. Hence, all foodstuff products must have to seek permissions of the FDA under the prescribed disciplines and these must be qualified meeting standards. Businesspersons need to accept necessary inspection over their foodstuff products not to cause danger to the consumers due to their low-quality foodstuffs. After that, they have to distribute foodstuffs to the market. These products must be expressed with manufacturing and expired dates systematically.

**Encouraging domestic manufacturing industries based on domestic products**

The Senior General said he came there to give necessary discussions for enhancement of MSME industries after meeting with those businesspersons and fulfilling their needs. In the terms of previous governments which faced foreign trade deficits verified at present, it can be seen that they did not encourage domestic products but emphasize imported goods. They sought foreign loans continuously. So, there remains to pay back foreign loans. *See Page 15*



Senior General Min Aung Hlaing visits an MSME booth.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win receives Ambassador of India to Myanmar H.E. Mr Vinay Kumar



Vice-Senior General Soe Win receives Ambassador of India to Myanmar H.E. Mr Vinay Kumar.

**Nay Pyi Taw March 7**

Vice Chairman of the State Administration Council Deputy Prime Minister Vice- Senior General Soe Win received Ambassador of India to Myanmar H.E. Mr. Vinay Kumar at the parlour of the Diplomat Hall of the Office of the Chairman of the State Administration Council this afternoon.

During the call, they warmly discussed stability of Myanmar-India border areas, promotion of cooperation, trade promotion between the two countries and development projects jointly implemented by the two countries including Kaladan Multi-Modal Transit Transport Project.

Also present together with the Vice-Senior General were Deputy Minister for Foreign Affairs U Kyaw Myo Htut and Director General U Aung Ko and the Indian ambassador was accompanied by Second Secretary Ms. Reeta Meena.

100

---

*From Page 14*

The current government is paying back loans in its term as much as possible.

The Senior General stressed the need to manufacture domestic products to earn foreign exchange. Underground and aboveground natural resources and agricultural and livestock products are abundant for manufacturing products. As aboveground natural resources as forest forests were not regrown after extracting, deforestation happens. The government allows production of finished goods with the use of underground natural resources but raw materials. Agriculture and livestock farms are being encouraged rather than extraction of underground and aboveground natural resources. Some 70 per cent of the total population of the nation resides in rural areas and they are mainly engaged in agriculture and livestock farms. Hence, manufacturing industries based on agriculture and livestock products are encouraged. **The manufacturing based on agriculture and livestock farms is a firm and assured business.** The industries using raw materials from agriculture and livestock farms will benefit the relevant regions.

The manufacturing industries using raw materials and foreign made raw materials will face some limits and difficulties in production. So, it is necessary to operate the industries based on raw materials produced in their regions.

**Livestock breeding**

**Myanmar imports milk and dairy products yearly, and if dairy cow farming tasks is successfully operated at home, import volume of dairy products and foreign exchange can be reduced.** Shan State possesses sound foundations for operating cow, pig and chicken breeding. **If Shan State successfully operates dairy cow farming tasks, it will be a state which will produce the largest volume of dairy products** and it will contribute much to the country.

With regard to poultry farms, rising of a lot of layers is seen with success. The Senior General expressed thanks for Ayethaya industrial zone of Shan State (South) which distributed eggs to the whole country so as to contribute to food supply of the people at a time the country faced difficulties of food supply because of outbreak of Covid-19 in 2021-22 fiscal year. Not only Myanmar but global countries face meat requirement. If efforts can be made for development of domestic meat production using domestic feeds, it will affect sufficiency of domestic consumption and export surplus. Meat production will affect manufacturing of industrial products. Systematic livestock breeding tasks can much benefit the region.

Likewise, the Senior General stressed the need to systematic carry out pit farming tasks and increase meat production. Heho Airport is being expanded for distributing fruits and meats from Shan State (South) to the market on a wider scale. Successful undertaking of manufacturing based on agriculture and livestock will much benefit the region. As the government in its tenure encourages domestic manufacturing, the country can reduce a certain amount of trade deficit. So, efforts must be made for earning foreign exchange from the manufacturing industries.

**Agriculture**

The Senior General underscored that it is necessary to meet the target of paddy cultivation. Shan State needs to strive for boosting per-acre yield of crops so as to enhance the economic status. **Agricultural farms should use bio-fertilizers which come out from the local livestock farms to benefit the region on one hand.** Hence, systematic breeding buffalo and cow will contribute to meat production and agricultural sector. The agricultural tasks need to have quality strain, fertile soil, water supply and techniques. Successful undertaking of agriculture and livestock farms will much benefit the industries.

Production activities can be carried out based on local agriculture and livestock breeding and local natural resources. Tea and coffee from Shan State are internationally marketable. So, extended cultivation and production will facilitate exports, thereby contributing much to the region as well as the country. For rice cultivation, quality paddy strains need to be grown. Production of quality foodstuffs from the region will be able to seek market. Again, sufficient manufacturing of quality foodstuffs and consumer goods will reduce foreign exchange spending. This is why MSMEs are being encouraged.

**Efforts to meet electricity demand by a certain means**

Husk produced from rice milling in Shan State can be used as a fuel. Likewise, solar energy can be used for power generation. Efforts to generate electricity in the region will contribute to productivity in a way.

**The encouragement of MSMEs aims to promote national economy, substitute imports and export local products.** Agriculture, livestock breeding and manufacturing require inputs. So, efforts must be made to acquire inputs.

**Cooperative system**

Cooperative system should be adopted for production sector. The country exercised a cooperative system in the past, which is still being used in some developed countries. **The adoption of cooperative system will facilitate businesses, so it should be exercised.** For capital and investment, the State is providing required loans. There are developing and commercial loans. There will be different interest rates in different kinds of loans. The State economy development fund is disbursing loans. Loans need to be sought as necessary and in accord with the rules and disciplines.

**Encourage education for human resources**

Human resources are needed for national economic progress and productivity. Education is being encouraged for ensuing rich human resources. Education will facilitate life quality. The country's education system is still low. In Shan State also, the education sector is weak, so all-round encouragement is necessary. **It is the duty of the government to attend to the needs for the development of a region while the socio-economic progress of individuals depends on themselves.** Therefore, education should be encouraged. Only then, there will be human resources in the region and the State. Thus, individuals need to focus on education. With educational skills, right persons needed to be used for right jobs. Efforts need to be made for human resource development in Shan State. In the private education sector, systematic measures must be taken to avoid any losses. Some private schools are reportedly collecting huge fees. So, there should be correct ways in that sector also.

**Tourism development**

Shan State has already possessed good resources for tourism and services. **Taunggyi holds a famous hot-air balloon festival yearly that attracts both local and foreign visitors. Inlay region also attracts them.** Measures should be taken to better improve local food and beautify the environment. Regarding healthcare sector, an aim has been set for designation of Kalaw-Aungban region as a healthcare region. Healthcare services can be provided for Shan State (South), and the State will provide necessary assistance. Better local products with better packaging system will attract more customers. It is advisable that in ensuring quality, there should be attraction, good smell and good packaging. Only then, can more and more products be sold.

Then, the Senior General cordially greeted the MSME entrepreneurs.

Later, the Senior General interestingly viewed the local products, foods, consumer goods, industrial products, handmade products and clothing on display. He then asked about market availability and respective entrepreneurs replied to the question. 100

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် မတ် ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒေါက်တာကျော်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များကို တစ်ဦးချင်း တင်ပြဆွေးနွေး

ဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရှမ်းပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အကြီးစား၊ အလတ်စားနှင့် အငယ်စား စက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ သီးနှံများ ထုတ်လုပ်လျက်ရှိမှု၊ စက်မှုဇုန်များအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်မှု သင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိမှု၊ တန်ဖိုးမြှင့်စီးပွားရေးထုတ်ကုန်များ ထုတ်လုပ်လျက်ရှိမှု၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု (One Village One Product) များဆောင်ရွက်လျက်ရှိမှု၊ ထုတ်ကုန်ပြပွဲများကျင်းပပေးနိုင်မှု၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးထားမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် MSME လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြကြရာ “လွယ်မွေ့” ကုမ္ပဏီလီမိတက်မှ ဦးအောင်ဝင်း၊ “မိုးကောင်းကင်” ကယားဝက်အူချောင်းလုပ်ငန်းမှ ဒေါ်ခိုင်စိုးသူ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မြန်မာနိုင်ငံသစ်သီးဝလံပန်းမန် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးခင်အောင်၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါက်တာစိုင်းလုံ၊ "SHAN Orchard" ထောပတ်ဆီ ထုတ်လုပ်မှုလုပ်ငန်းမှ ဦးမျိုးသက်လွင်နှင့် တက်ရောက်လာကြသူများက ဒေသထွက် မိရိုးဖလာစားသောက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိမှုနှင့် ပြည်ပဈေးကွက်ဖြန့်ချိရေးနှင့် ကုန်ထုတ်လုပ်မှုများ ပိုမိုတိုးတက်အောင် ထုတ်လုပ်နိုင်ရန်အတွက် ဖြေရှင်းရမည့်ကိစ္စရပ်များ၊ ရှမ်းပြည်နယ်မှထွက်ရှိသည့် သစ်သီးဝလံနှင့်ပန်းမန်များကို ပြည်ပနိုင်ငံများသို့ ထုပ်ပိုးတင်ပို့ရောင်းချလျက်ရှိမှု၊ အဓိကထွက်ကုန်ဖြစ်သည့် ထောပတ်စိုက်ပျိုးမှုများကို တိုးချဲ့စိုက်ပျိုးလျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများကို ယခုထက် ပိုမိုတိုးချဲ့ထုတ်လုပ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုချေးငွေများ လိုအပ်လျက်ရှိမှု၊ ထောပတ်သီးများကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန်အတွက် နိုင်ငံတော်က G to G စနစ်ဖြင့် ဆောင်ရွက်ပေးစေလိုမှု၊ သစ်သီးများကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရန် လိုအပ်မှု၊ မွေးမြူရေးလုပ်ငန်းများအတွက် သုတေသနပြုဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရာတွင် နိုင်ငံတော်က ကူညီပံ့ပိုးပေးစေလိုမှုနှင့် လုပ်ငန်းတိုးချဲ့ရေးအတွက် မြေနေရာရရှိနိုင်ရေး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှုလမ်းများနှင့် လျှပ်စစ်မီးလိုအပ်ချက်ရှိမှု၊ နောင်တရားဒေသတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် အာလူးစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးစေလိုမှု၊ ပုဂ္ဂလိကဆေးရုံများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးစေလိုမှု၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဆန်စက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စပါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည့်နည်းပညာများနှင့် အရင်းအနှီးများ ကူညီပေးစေလိုမှု၊ အင်းလေးဒေသရှိ ဇီဝမြေဩဇာထုတ်လုပ်မှုလုပ်ငန်းအောင်မြင်မှု ရှိစေရေးအတွက် ဆောင်ရွက်ပေးစေလိုမှုတို့ကို အသီးသီး တင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်မေးမြန်း ဆွေးနွေးပြောကြားသည်။

> **စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြေဩဇာများရရှိရေးအတွက်လည်း ဒေသတွင်းမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိထားသည့် ဇီဝမြေဩဇာများကို အကျိုးရှိရှိ အသုံးချမည်ဆိုပါက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်...**
>
> **MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များအစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များတင်ပို့နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်...**

## ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ အာလူးစိုက်တောင်သူများအတွက် ဒေသနှင့်ကိုက်ညီသည့် အာလူးမျိုးများရရှိရေး၊ စပါးစိုက်တောင်သူများအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ စိုက်ပျိုးမြေများရရှိလိုမှု၊ လုပ်ငန်းအတွက်ချေးငွေများ ရရှိလိုမှုတို့နှင့်ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလျှောက်ထားနိုင်ပြီး မှန်မှန်ကန်ကန်ဆောင်ရွက်ရန်လိုအပ်မှု၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ငန်းအလိုက် အတိုးနှုန်းသက်သာသည့် ချေးငွေများရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့်စက်ကိရိယာများ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးလျက်ရှိမှု၊ မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ သွင်းအားစုများ ရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ လက်အောက်ရှိ နယ်မြေခံဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားပေးဆောင်ရွက်လျက်ရှိမှု၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် စက်မှုမှတ်ပုံတင်ခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ တရားမဝင်ကုန်စည်စီးဆင်းမှုများသည်

**စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

ပြည်တွင်းစီးပွားရေး လုပ်ငန်းများကို များစွာ ထိခိုက်စေနိုင်သောကြောင့် တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးလျက်ရှိသကဲ့သို့ အားလုံးဝိုင်းဝန်းတိုက်ဖျက်ကြရန် လိုအပ်မှု၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေး လိုအပ်သည့်နည်းပညာနှင့် စက်ကိရိယာများ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ စားသောက်ကုန်များ၏ အရည်အသွေးစစ်ဆေး၍ FDA လက်မှတ်များ ထုတ်ပေးလျက်ရှိမှုနှင့် သင်တန်းများ ပို့ချဆောင်ရွက်ပေးလျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီး ပြန်လည်ဆွေးနွေး ပြောကြားကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အလေးထားမှတ်သား၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြန်ဆုံးဆက်သွယ် ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

### အစားအသောက်လုံခြုံရေးနှင့်ပတ်သက်၍ ဖြည့်စွက်မှာကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် လုပ်ငန်းရှင်များအသီးသီး၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများက အသီးသီးပြန်လည်ဆွေးနွေးပြီးဖြစ်ကြောင်း၊ **စားသောက်ကုန်နှင့်ပတ်သက်၍ ပြည်ပမှဝင်ရောက်လာသည့် တရားဝင်စားသောက်ကုန်များ၊ ပြည်တွင်းမှ ထုတ်လုပ်သည့် စားသောက်ကုန်များ အမျိုးမျိုးရှိကြပြီး အစားအသောက်လုံခြုံရေး (Food Security) ကို အလေးထားကြရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် **အစားအသောက်ထုတ်ကုန်များနှင့်ပတ်သက်၍ FDA စည်းကမ်း၊ ခွင့်ပြုချက်များရရှိရန် သတ်မှတ်အရည်အသွေးများ ပြည့်မီရန်လို**ကြောင်း၊ မိမိထုတ်လုပ်သည့် စားသောက်ကုန်များ၏ အရည်အသွေးမပြည့်မီမှုများကြောင့် စားသုံးသူများ ဘေးအန္တရာယ်ဖြစ်ပွားမှုမရှိစေရေး လိုအပ်သည့် စစ်ဆေးမှုများကို စနစ်တကျဖြင့် ခံယူပြီးမှသာ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးကြရမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းထုတ်လုပ်သည့်ရက်၊ ကုန်ဆုံးရက်များကိုလည်း စနစ်တကျ ရိုက်နှိပ်ပေးထားရန်လိုကြောင်းကို ဖြည့်စွက်ပြောကြားလိုကြောင်း။

### ဒေသထုတ်ကုန်များကို အခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများကို အားပေးဆောင်ရွက်

ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များကို တွေ့ဆုံ၍ မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်နိုင်ရန်အတွက် လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်၊ စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်အစိုးရလက်ထက်များတွင် နိုင်ငံခြားကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် ပြန်လည်စိစစ်ဆောင်ရွက်ခဲ့ရာ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ စသည့်ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလေ့လာစဉ်။

ပြည်တွင်းထုတ်ကုန်များ အားပေးမှုမရှိခြင်းနှင့် ပြည်ပသွင်းကုန်များကို ပိုမိုဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံခြားချေးငွေများကို အဆက်မပြတ်ရယူခဲ့ပြီး ယခုအချိန်တွင် နိုင်ငံခြားချေးငွေများ ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသေးကြောင်း၊ မိမိတို့တာဝန်ယူချိန်တွင် တတ်နိုင်သမျှ ပြန်လည်ပေးဆပ်နေရကြောင်း။

နိုင်ငံခြားငွေရရှိရန်အတွက် ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် မြေပေါ်မြေအောက်သယံဇာတ ပစ္စည်းများနှင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများရှိကြောင်း၊ **သစ်တောကဲ့သို့သော မြေပေါ်သယံဇာတပစ္စည်းများကို ထုတ်ယူသုံးစွဲပြီး ပြန်လည်ဖြည့်တင်းစိုက်ပျိုးခြင်း မရှိခြင်းကြောင့် သစ်တောများပြုန်းတီးလာမှုများရှိ**ကြောင်း၊ မြေအောက်သယံဇာတများ ထုတ်ယူသုံးစွဲခြင်းကိုလည်း ကုန်ကြမ်းအဖြစ် ထုတ်လုပ်ခြင်းမဟုတ်ဘဲ ကုန်ချောအဖြစ် ထုတ်လုပ်ခြင်းများကိုသာ ခွင့်ပြုပေးလျက်ရှိကြောင်း၊ မြေပေါ်မြေအောက်သယံဇာတများကို ထုတ်ယူသုံးစွဲခြင်းထက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေသူများဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုသာ အဓိကထား လုပ်ကိုင်ကြကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ကြရန် အားပေးခဲ့ခြင်းဖြစ်ကြောင်း၊ **စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းသည် နိုင်မာပြီး သေချာမှုရှိသည့် လုပ်ငန်းတစ်ခုပင်ဖြစ်**ကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ကုန်ကြမ်းပစ္စည်းများကိုအခြေခံသည့် စက်မှုလုပ်ငန်းများကိုဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

မိမိတို့ဒေသမှမဟုတ်ဘဲ အခြားဒေသများမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများ၊ ပြည်ပမှဝယ်ယူရသည့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် ကုန်ထုတ်လုပ်မှုတွင် အကန့်အသတ်ရှိပြီး အခက်အခဲများ ဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် **ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လို**ကြောင်း။

### မွေးမြူရေး

**မိမိတို့နိုင်ငံတွင် နို့နှင့် နို့ထွက်ပစ္စည်းများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရပြီး နို့စားနွား မွေးမြူရေးလုပ်ငန်းများကို ပြည်တွင်း၌ စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှုများ များစွာလျော့ကျသွားမည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲနေရမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်**ကြောင်း၊ ရှမ်းပြည်နယ်သည် နွားမွေးမြူရေး၊ ဝက်နှင့် ကြက်မွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်သည့် အခြေခံကောင်းများရှိသည့် ဒေသဖြစ်ကြောင်း၊ **နို့စားနွား မွေးမြူရေးလုပ်ငန်းများကို ရှမ်းပြည်နယ်အတွင်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက နို့ထွက်ပစ္စည်း အများဆုံးထုတ်လုပ်နိုင်သည့် ပြည်နယ်တစ်ခုဖြစ်လာမည်**ဖြစ်ပြီး နိုင်ငံအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ကြက်မွေးမြူရေးနှင့်ပတ်သက်၍ ဥစားကြက်များ ပေါများစွာမွေးမြူလျက်ရှိသည်ကိုတွေ့ရှိရပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်ကိုလည်း တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံ၌ ၂၀၂၀-၂၀၂၂ **ခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုကြောင့် စားရေးအခက်အခဲများ ဖြစ်ပေါ်ခဲ့ချိန်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာ မွေးမြူရေးခုန်မှ တစ်နိုင်ငံလုံးသို့ ကြက်ဥများ ဖြန့်ဖြူးပေးခဲ့သည့်အတွက် ပြည်သူလူထု၏ စားရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်ပေါ်စေခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိ**ကြောင်းကို ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံနှင့် နိုင်ငံတကာတွင် အသားလိုအပ်ချက်များစွာရှိကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် တိရစ္ဆာန်အစာများကိုအသုံးပြု၍ ပြည်တွင်း အသားထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှုကို ဖူလုံစေရုံသာမက ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ အသားထုတ်လုပ်မှုများမှတစ်ဆင့် စက်မှုထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဖြစ်ပြီး မွေးမြူရေးကို စနစ်တကျဆောင်ရွက်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

အလားတူ **ဝက်မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်၍ အသားထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်နိုင်**ကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှထွက်ရှိသည့် သစ်သီးဝလံများနှင့် အသားများကို ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ရောင်းချနိုင်ရန်အတွက် ဟဲဟိုးလေယာဉ်ကွင်းကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် အားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါတွင် ကုန်သွယ်မှုလိုငွေများ ထိုက်သင့်သလောက် တိုးတက်လာပြီဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှ နိုင်ငံခြားငွေများရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### စိုက်ပျိုးရေး

စပါးစိုက်ပျိုးမှုများ ဆောင်ရွက်ရာတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် စိုက်ပျိုးရန်လိုကြောင်း၊ တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ပြီး စီးပွားရေးမြှင့်တင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ **စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် မြေဩဇာများရရှိရေးအတွက်လည်း ဒေသတွင်းမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိထားသည့် ဇီဝမြေဩဇာများကို အကျိုးရှိရှိအသုံးချမည်ဆိုပါက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ကျွဲနှင့်နွားများကို စနစ်တကျလှောင်မွေးခြင်းဖြင့် အသားထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းများ ကောင်းမွန်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် စက်မှုကုန်ထုတ်လုပ်ငန်းများကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို အခြေခံသည့် ထွက်ကုန်ပစ္စည်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ **ရှမ်းပြည်နယ်အတွင်းမှ ထွက်ရှိသည့် လက်ဖက်၊ ကော်ဖီများသည် နိုင်ငံတကာဈေးကွက်ဝင်ပစ္စည်းများဖြစ်**သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် အဆိုပါလက်ဖက်နှင့် ကော်ဖီများကို ပိုမိုတိုးချဲ့စိုက်ပျိုးပြီး ကုန်ထုတ်လုပ်မှုများကို စနစ်တကျဆောင်ရွက်မည်ဆိုပါက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သဖြင့် ဒေသအတွက်သာမက နိုင်ငံတော်အတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ **စပါးစိုက်ပျိုးရေးနှင့်ပတ်သက်၍ Eating quality ကောင်းမွန်သည့် စပါးမျိုးများစိုက်ပျိုးရန်လို**ကြောင်း၊ ဒေသမှထွက်ရှိသည့် စားသောက်ကုန်များကိုလည်း အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ဈေးကွက်ရရှိမည်ဖြစ်ကြောင်း၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ အရည်အသွေးကောင်းမွန်စွာဖြင့် **စာမျက်နှာ ၂၀ သို့**

> သမဝါယမစနစ်ကိုကျင့်သုံးခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး စုပေါင်းသမဝါယမစနစ်ကိုကျင့်သုံး၍ဆောင်ရွက်ကြရန်လို . . .
>
> ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များဆောင်ရွက်ပေးရန်မှာ အစိုးရ၏တာဝန်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သည် တစ်ဦးချင်း၏ ကြိုးစားအားထုတ်မှုဖြင့်သာ သက်ဆိုင်သည်ဖြစ် . . .

စာမျက်နှာ ၁၉ မှအဆက်

လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် MSME လုပ်ငန်းများ ကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

### လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူရရှိရေး

ရှမ်းပြည်နယ်အတွင်း စပါးကြိတ်ခွဲမှုများမှ စပါးခွံများ များစွာထွက်ရှိလျက်ရှိကြောင်း၊ ထွက်ရှိလာသည့် စပါးခွံများကို အသုံးပြု၍ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို မိမိတို့ဒေသအလိုက် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

**MSME လုပ်ငန်းများကို အားပေးဆောင်ရွက်နေရခြင်းမှာ တိုင်းပြည်၏ စီးပွားရေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်နှင့် ပြည်ပသို့ ပြည်တွင်းထုတ်ကုန်များတင်ပို့နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်**ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် သွင်းအားစုများလိုအပ်ကြောင်း၊ သွင်းအားစုများရရှိရေး အတွက်လည်း ကြိုးပမ်းအားထုတ်ကြရန်လိုကြောင်း။

### စုပေါင်းသမဝါယမစနစ်

ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ သမဝါယမစနစ်ဖြင့်သွားသည့် ကုန်ထုတ်လုပ်မှုကို သွားနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ယခင်က သမဝါယမစနစ်ကို ကျင့်သုံးခဲ့ပြီး အချို့ဖွံ့ဖြိုးပြီး နိုင်ငံများတွင်လည်း သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ **သမဝါယမစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး စုပေါင်းသမဝါယမစနစ်ကိုကျင့်သုံး၍ ဆောင်ရွက်ကြရန်လို**ကြောင်း၊ အရင်းအနှီးနှင့်ပတ်သက်၍ နိုင်ငံတော်ကလိုအပ်သည့် ရင်းနှီးမတည်ငွေများကို ထုတ်ချေးပေးလျက်ရှိပြီး ချေးငွေတွင် Developing ချေးငွေနှင့် Commercial ချေးငွေဟူ၍ ရှိကြောင်းနှင့် ချေးငွေအမျိုးအစားအလိုက် အတိုးနှုန်းများ ကွာခြားသွားမည်ဖြစ်ကြောင်း၊ အရင်းအနှီးမတည်ငွေများနှင့်ပတ်သက်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးပေးလျက်ရှိပြီး ချေးငွေများရယူရာတွင်လည်း မိမိတို့တတ်နိုင်သလောက်သာ ချေးယူရန်နှင့် သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီရန်လိုကြောင်း။

### လူသားအရင်းအမြစ်ကောင်းများရရှိရေး ပညာရေးအားပေးဆောင်ရွက်

နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အဆင့်မီစွာဆောင်ရွက်နိုင်ရန် လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ နိုင်ငံတော်အတွက်လိုအပ်သည့် လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝစေရေး ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက် ရှိကြောင်း၊ အတန်းပညာများရှိမှသာ မိမိတို့ဘဝရပ်တည်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရေးသည် နိမ့်ကျလျက်ရှိနေသေးသည်ကို တွေ့ရှိရပြီး ရှမ်းပြည်နယ်အတွင်း၌လည်း ပညာရေးတန်းစဉ် ကူးပြောင်းမှုနှုန်း နည်းပါးနေသေးသည့်အတွက် ပညာရည်မြင့်မားရေးကို ပိုင်းဝန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ **ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးရန်မှာ အစိုးရ၏တာဝန်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သည် တစ်ဦးချင်း၏ ကြိုးစားအားထုတ်မှုဖြင့်သာ သက်ဆိုင်သည်ဖြစ်**သဖြင့် အခြေခံလိုအပ်ချက်ဖြစ်သည့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးကို အားပေးမှသာလျှင် ဒေသနှင့် နိုင်ငံ၏ လူသားအရင်းအမြစ်များ သည်လည်း ပေါ်ကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **တစ်ဦးတစ်ယောက်ချင်းမှစ၍ ပညာရေးကို အလေးထား အားပေးဆောင်ရွက်ကြစေလို**ကြောင်း၊ သင်ကြားတတ်မြောက်ထားသည့် ပညာရပ်များအလိုက် လူမှန်နေရာမှန်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်အတွင်း လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပုဂ္ဂလိက ပညာသင်ကြားရေးတွင်လည်း ပညာသင်ကြားမှုများ နစ်နာမှုမရှိစေရေး စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ အချို့သော ကိုယ်ပိုင်ကျောင်းများအနေဖြင့် ငွေကြေးကောက်ခံမှုများ များပြားလျက်ရှိသည်ကို စိစစ်တွေ့ရှိရပြီး ပညာရည်သင်ကြားရေးအတွက် မှန်မှန်ကန်ကန် ဖြစ်စေလိုကြောင်း။

### ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး

ရှမ်းပြည်နယ်သည် ခရီးသွားလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန်အတွက် အခြေခံကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ **တောင်ကြီးမြို့တွင် မီးပုံးပျံပွဲကို အစဉ်အလာဖြင့် နှစ်စဉ်ကျင်းပလျက်ရှိပြီး ပြည်တွင်းပြည်ပမှ စိတ်ဝင်စားသည့် ပွဲတော်တစ်ခုဖြစ်**ကြောင်း၊ အလားတူ **အင်းလေးဒေသသည်လည်း ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် နေရာဒေသတစ်ခုဖြစ်**ကြောင်း၊ ထို့ကြောင့် ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်ရန်အတွက် ဒေသထွက်အစားအစာများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးကိုလည်း ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ ကလော၊ အောင်ပန်းဒေသကို ကျန်းမာရေးစောင့်ရှောက်မှုဒေသအဖြစ် ဆောင်ရွက်ရန် ရည်မှန်းထားကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ ဆောင်ရွက်နိုင်ပြီး မိမိတို့အနေဖြင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ **ဒေသထုတ်ကုန်ပစ္စည်းများ ထုပ်ပိုးမှုစနစ်ကောင်းမွန်မှသာ ဝယ်ယူသူကို ပိုမိုဆွဲဆောင်မှုရှိနိုင်မည်ဖြစ်**ကြောင်း၊ Quality **ကောင်းအောင်ဆောင်ရွက်ရာတွင် အမြင်၊ အနံ့နှင့် ထုပ်ပိုးမှုများကောင်းမွန်အောင် ဆောင်ရွက်ရန် အကြံပြုလို**ကြောင်း၊ သို့မှသာ ထုတ်ကုန်ပစ္စည်းများကို ပိုမိုရောင်းချနိုင်မည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးတိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ စသည့်ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ စသည့်ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလေ့လာစဉ်။**

# နိုင်ငံရေးပါတီဆိုင်ရာကိစ္စရပ်များနှင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး



**နေပြည်တော် မတ် ၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Chen Hai ဦးဆောင်သောအဖွဲ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်သံအမတ်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းသည့် အခြေအနေ၊ တည်ငြိမ်အေးချမ်းစွာဖြင့် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲ ကျင်းပနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းခဲ့မှု၊ နိုင်ငံရေးပါတီများ တည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားမှုနှင့် စိစစ်ဆောင်ရွက်နေမှု၊ လာမည့်ရွေးကောက်ပွဲများတွင် အီလက်ထရောနစ်မဲပေးစက် အသုံးပြုနိုင်ရေး ဆောင်ရွက်နေမှု၊ အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးဆောင်ရွက်မည့်အခြေအနေ၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့် မဲဆန္ဒရှင်ပြည်သူများကလက်ခံသည့် မှန်ကန်မျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရေး ဆောင်ရွက်နေမှု၊ ဆန္ဒမဲပေးခွင့်ရှိသူများ ဥပဒေနှင့်အညီမဲပေးနိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံရေးပါတီဆိုင်ရာ ကိစ္စရပ်များနှင့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေညောင်-တောင်ကြီးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်-တောင်ကြီးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စီမံကိန်းရှင်းလင်းဆောင်တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မြေဖို့ခြင်း၊ မြေဖြတ်ခြင်းနှင့် တာပေါင်ဆင်ခြေလျှောဖြေခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်တိုးတက်မှု၊ သံလမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့်ခရီးသွားများကို ဆွဲဆောင်နိုင်မည့် ရှမ်းပြည်နယ်၏ ထင်ရှားသော ဘဝသံသရာရထားလမ်း တံတားပုံစံအတိုင်း တည်ဆောက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရထားလမ်းသယ်ယူပို့ဆောင်ရေးသည် ဒေသအတွက် များစွာအကျိုးရှိစေမည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ယခု ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို သာမန်ခရီးသွားပြည်သူများ သွားလာအသုံးပြုနိုင်ရန်၊ ကုန်စည်များ ပို့ဆောင်ကူးသန်းရောင်းဝယ်နိုင်ရန်၊ ဒေသတွင်းရှိ တွင်းထွက်ပစ္စည်းများနှင့် ထုတ်ကုန်ပစ္စည်းများ ပို့ဆောင်ကူးသန်းရောင်းဝယ်နိုင်ရန်၊ ခရီးသွားပြည်သူများကို ဆွဲဆောင်နိုင်ရန်ရည်ရွယ်ကြောင်း၊နောက်ပိုင်းတွင် ပအိုဝ်းဒေသထိ တိုးချဲ့ပြေးဆွဲနိုင်ရေး ရည်ရွယ်ကြောင်း၊ သံလမ်းခင်းရာ၌ လမ်းခင်းကျောက်ထည့်သွင်းမှု၊ တံတားများ ထည့်သွင်းတည်ဆောက်မှုတို့ကို သတ်မှတ်အရည်အသွေးနှုန်းထားများအတိုင်းပြည့်မီစွာခင်းကျင်းရန်လိုကြောင်း၊လုပ်ငန်းလျင်မြန်စွာ ပြီးစီးစေရေးကိုသာ ဦးစားပေးဆောင်ရွက်ခဲ့ပြီး အရည်အသွေးပြည့်မီမှုမရှိခြင်းများမဖြစ်စေလိုကြောင်း၊ ဘဝသံသရာရထားလမ်းအတိုင်း စနစ်တကျတည်ဆောက်ရန်လိုကြောင်း၊ ကားလမ်းများအနီးတွင်ရှိသည့် ရထားသံလမ်းပိုင်းနေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းမှု ရှိစေရေး အကာအရံဆောင်ရွက်ပေးရန်လိုကြောင်း၊ မြေထိန်းနံရံ (Toe Wall)များ၊ ရေကာနံရံများနှင့် ရေထုတ်ပြွန်များ၊ ရေထုတ်မြောင်းများကိုလည်း စနစ်တကျထည့်သွင်းဆောင်ရွက်သွားရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စီမံကိန်းဧရိယာအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ပြီး စီမံကိန်းဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက ရွှေညောင်-တောင်ကြီးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

# လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များတင်သွင်းရောက်ရှိ



**နေပြည်တော် မတ် ၇**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Asia Pacific Automaker Corporation Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ်လျှပ်စစ်သုံးယာဉ်အားသွင်းစက် (EV Charger) 60KW ၁၀ စုံသည် ယနေ့တွင် မြန်မာစက်မှုဆိပ်ကမ်းသို့ရောက်ရှိလာသည်။

အဆိုပါလျှပ်စစ်သုံးယာဉ်အားသွင်းစက်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးယာဉ်အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မတ် ၇ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၄၉ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၄၁၆ ဦး |

**နေပြည်တော် မတ် ၇**

မတ် ၆ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း အခု ၅၄၆၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Vinay Kumar ကို လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Vinay Kumar ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မတ် ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Vinay Kumar ကို ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးသံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံကုန်သွယ်ရေးကဏ္ဍ တိုးမြှင့်ရေးနှင့် ကုလားတန်မြစ်ကြောင်းစီမံကိန်းအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုတို့တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ ဒုတိယအတွင်းဝန် Ms.ReetaMeena လည်း တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ကဏ္ဍအသီးသီးတွင် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Vinay Kumar ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် မတ် ၇**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H. E. Mr. Vinay Kumar ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-အိန္ဒိယ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအတွက် နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သော MoU အရ အိန္ဒိယနိုင်ငံ၏ ကူညီမှုရန်ပုံငွေဖြင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် စီမံကိန်းလုပ်ငန်းများ၏ အောင်မြင်ဖြစ်ထွန်းမှုနှင့် အကျိုးရလဒ်များ၊ အလားတူ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအတွက် MoU အသစ်ထပ်မံရေးထိုးနိုင်ရေး ညှိနှိုင်းဆောင်ရွက်နေမှု အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ကဏ္ဍအသီးသီးတွင် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြင်ဦးလွင်မြို့နယ် ညောင်ကုန်းကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ညောင်ကုန်းကျေးရွာရှိသံဃာတော်များနှင့် ဒေသခံပြည်သူများကို အဆိုပါကျေးရွာဘုန်းတော်ကြီးကျောင်း၌ ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၉၃ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က ပြင်ဦးလွင်မြို့နယ် ညောင်ကုန်းကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးဆေးကုသရေးအဖွဲ့က ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မတ် ၇**

ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ထွက်ခွာလာသည့် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ရမ်းဗြဲမြို့နယ် ကျောက်နီမော်ကျေးရွာအုပ်စု ကျောက်နီမော်ကျေးရွာသို့ ရောက်ရှိရာ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။ အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် ကျောက်နီမော်ကျေးရွာရှိ တိုက်နယ်ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ၎င်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၇၅၈ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ၌ ဆေးကုသမှုဆိုင်ရာရောဂါ ၂၂၃ ဦး၊ ခွဲစိတ်ရောဂါ ၄၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၄ ဦး၊ ကလေးရောဂါ ၂၇ ဦး၊ အရိုးရောဂါ ၁၄၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၇၂ ဦး၊ မျက်စိရောဂါ ဦးရေ ၂၀၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၃၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ငါးဦး၊ မျက်စိခွဲစိတ်လူနာ ၁၀ ဦး၊ Ultrasound ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၆ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၇၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူနှစ်ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"မျက်စိကကြည့်လို့မကောင်းလို့ ဆေးရုံသင်္ဘောကြီးရောက်လာပြီး ဆေးရုံသင်္ဘောကြီးပေါ်မှာ မျက်စိကအစ တခြားရောဂါတွေဖြစ်သော အရိုးအကြောတွေပါတယ်ဆိုတော့ ဝမ်းသာအားရနဲ့လာရောက်ပြသတာပါ။ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးကတစ်ဆင့် အသိပေးတဲ့အတွက် သိရပါတယ်။ ဒေသက ကျန်းမာရေးနဲ့ပတ်သက်ပြီး အတော်အားနည်းပါတယ်။ မပြည့်စုံတဲ့သူတစ်ယောက်အနေနဲ့ အဝေးတစ်နေရာ သွားရောက်ကုသမယ်ဆိုလို့ရှိရင် ကုန်ကျစရိတ်ကအတော်များပါတယ်။ မတတ်နိုင်ကြပါဘူး မတတ်နိုင်တဲ့အတွက် ဖြစ်သလိုဆေးမြီးတိုလေးတွေနဲ့ ကုသကြရပါတယ်။ အခုလို လာပြီးကုသပေးတဲ့အတွက် အဆင်ပြေသွားပါတယ်။ ဒေသခံတွေကလည်း ပိုပြီး ဝမ်းသာအားရဖြစ်မိပါတယ်။ အထူးသဖြင့် ဒီလိုမျိုးဖြစ်မြောက်အောင် လုပ်ဆောင်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့တကွ သမားတော်ကြီးတွေ၊ ပါရဂူကြီးတွေ၊ ကျန်းမာရေးဝန်ထမ်းတွေအကုန်လုံးနဲ့ ဝိုင်းဝန်းပံ့ပိုးကြသော သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်။ ဖြစ်နိုင်လို့ရှိရင် နောက်နှစ်တွေမှာလဲ အခုလိုလာရောက်ပြီး ကျွန်တော်တို့နေရာဒေသရဲ့ ကျန်းမာရေးအားကောင်းအောင် လာရောက်ကုသ



ပေးစေချင်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောပြသည်။

"ကျွန်တော်တို့ဒေသက ကျန်းမာရေးနဲ့ပတ်သက်ပြီး အခက်အခဲအများကြီးရှိပါတယ်။ ရမ်းဗြဲကိုသွားမယ်ဆိုရင် ဒီကနေ ၂၅ မိုင်လောက် သွားရပါတယ်။ လမ်းခရီးကလည်းမကောင်းပါဘူး။ တချို့လူနာတွေဆိုရင် ဆေးကုသမယ့်စရိတ်ကို



ခရီးသွားရင်းနဲ့ ကားငှားရင်းနဲ့ပဲ ပိုက်ဆံတွေကုန်သွားတယ်။ အခုလိုပင်လယ်သွား သံလွင်ဆေးရုံသင်္ဘောကြီးက ကျွန်တော်တို့ဆီမှာ ဒီလိုပါရဂူတွေ၊ ဆရာဝန်တွေအများကြီးနဲ့လာပြီးတော့ဆေးကုတော့ ကျွန်တော်တို့စိတ်ထဲမှာ အများကြီး ဝမ်းပန်းတသာဖြစ်ရပါတယ်။ အခုဆိုရင်ဆေးရုံထဲမှာ လူတွေအများကြီးပဲ အများကြီးဝမ်းသာရပါတယ်။ ကျွန်တော့်တစ်သက်မှာလည်း ဒါပထမဦးဆုံးမြင်တွေ့ရတဲ့အတွက် အများကြီးဝမ်းသာရပါတယ်။ အများကြီးကျေးဇူးတင်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံသားတွေရဲ့အပေါ်မှာ အခုလိုစေတနာထားပြီးတော့ အဆမတန်ဝေးလံခေါင်ဖျားတဲ့နေရာတွေကို လူတွေကျန်းမာရေးလာပြီးတော့ ကုသနိုင်အောင် စီမံဆောင်ရွက်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို ကျွန်တော် နိုင်ငံသားတစ်ယောက်အနေနဲ့ရော၊ အခုလိုလာပြီးတော့ ဆေးကုလာရတဲ့ မိဘပြည်သူတွေအနေနဲ့ရော သူတို့ရဲ့ကိုယ်စား အထူးပဲကျေးဇူး တင်ပါတယ်"ဟု ဒေသခံတစ်ဦးက ပြောပြသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဈ) ရပ်ကွက်နေ စိုးမြတ်နွယ်သည် ၎င်းအသုံးပြုသည့် "Soe Myat Nwe" Tik Tok အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက်နေ ဖြိုးဝေအောင်သည် ၎င်းအသုံးပြုသည့် "Phyo Wai Aung" Facebook အကောင့်၊ အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက်နေ ဝိုင်းမင်းခန့်(ခ) ဝတုတ်သည် ၎င်းအသုံးပြုသည့် "Waing Min Khant" Facebook အကောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဗိုလ်ဗိုလ်နိုင်ဝင်း(ခ)ဗိုလ်ဗိုလ်သည် ၎င်းအသုံးပြုသည့် "Bo Bo" Facebook အကောင့်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၆)ရပ်ကွက်နေ ဇင်ဘိုမြင့်သည် ၎င်းအသုံးပြုသည့် "Zin Bo Myint" Facebook အကောင့်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ် အမှတ်(၂)ရပ်ကွက်နေသူများဖြစ်သည့် မိုင်ဆမ်လူ(ခ)ဆမ်လူ၊ ကြယ်ကလေးနှင့် စိုင်းလော်ဝ်တို့သုံးဦးသည် ၎င်းတို့အသုံးပြုသည့် Tik Tok အကောင့်များနှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ ခင်ချိုထွေးသည် ၎င်းအသုံးပြုသည့် "Khin Cho Htwe" Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့

ဇင်မင်းစိုး(ပိုလ်ကလေး)

၂၀၂၃ ခုနှစ် မတ် ၈ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဖြစ်ပါသည်။ အမျိုးသမီးများ၏ ဘဝလုံခြုံမှုနှင့် ဘေးအန္တရာယ်ကင်းဝေးစေမှုတို့ကို အာမခံမှုပေးနိုင်သည့်အခြေအနေကို အားလုံးက ဖော်ဆောင်ပေးရမည်ဖြစ်ပြီး အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ခြင်းနှင့် ကျား၊ မ တန်းတူညီမျှမှုကိုမြှင့်တင်သည့် တီထွင်ဆန်းသစ်မှုများကို ဖော်ထုတ်မြှင့်တင်ပေးရမည်ဖြစ်သည်။

**အမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံ**

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံမှာ ၁၉၀၀ ပြည့်နှစ် အစောပိုင်းကာလများတွင် အမျိုးသမီးများသည် မတရားဖိနှိပ်မှုများ၊ မညီမျှစွာ ခွဲခြားဆက်ဆံခံရမှုများကို အမျိုးမျိုးခံစားခဲ့ကြရသည်။ ပညာသင်ကြားခွင့်မရှိခြင်း၊ လွတ်လပ်စွာပြောဆိုပိုင်ခွင့်မရှိခြင်း၊ မဲပေးခွင့်မရရှိခြင်း၊ လုပ်အားခမညီမျှခြင်း၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာအရ ခွဲခြားနှိမ်ချဆက်ဆံခံရခြင်း၊ အမွေဆက်ခံပိုင်ခွင့်မရှိခြင်းစသည့် ဖိနှိပ်ခွဲခြားဆက်ဆံခံရမှုတို့ကြောင့် ထိုမတရားမှုများကို တုံ့ပြန်တွန်းလှန်နိုင်ရန်အတွက် ဆန္ဒပြတောင်းဆိုမှုများကို စတင်ခဲ့ကြသည်။

၁၉၀၀ ပြည့်နှစ်နောက်ပိုင်းတွင် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၌ အလုပ်သမားများကို စီးပွားရေးအရ ခေါင်းပုံဖြတ်ခြင်း၊ အလုပ်ချိန်မတရားခိုင်းစေခြင်း၊ လူမှုအကျိုးခံစားမှုမပေးခြင်း၊ နိုင်ငံရေးအရ ဖိနှိပ်ခြင်းများကို ပြုလုပ်ခဲ့ကြသည်။ ထိုအထဲမှ အမျိုးသမီးအလုပ်သမားအများစုသည် လုပ်ခလစာမညီမျှခြင်း၊ မတရားခေါင်းပုံဖြတ်ခံရခြင်း၊ လုပ်ငန်းခွင်လိင်မှုကိစ္စခေါင်းပုံဖြတ်ခံရမှုနှင့် ထိပါးနှောင့်ယှက်မှုခံရခြင်း၊ အလုပ်သမားဖြစ်ခြင်းကြောင့် လိင်ကျန်းမာရေးနှင့် သားဆက်ခြားခြင်းဆိုင်ရာ စောင့်ရှောက်ခွင့်များဆုံးရှုံးခဲ့ရပြီး များစွာထိခိုက်နစ်နာခဲ့ရသည်။ ထို့ကြောင့် ၁၉၀၈ ခုနှစ်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ အထည်ချုပ်စက်ရုံများမှ အမျိုးသမီး ၁၅၀၀၀ ကျော်သည် အမျိုးသမီးများ မဲပေးခွင့်ရရှိရေး၊ မျှတသော အလုပ်ချိန်သတ်မှတ်ပေးရေးနှင့် လုပ်ခလစာ တန်းတူရရှိရေးများအတွက် စတင်ချီတက်လမ်းလျှောက် ဆန္ဒပြခဲ့ကြသည်။

ထို့နောက် ၁၉၁၀ ပြည့်နှစ်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့တွင် ပြုလုပ်ကျင်းပသည့် နိုင်ငံတကာအမျိုးသမီးညီလာခံ၌ ဂျာမနီနိုင်ငံ ဆိုရှယ်လစ်ဒီမိုကရက်တစ်ပါတီမှ ခေါင်းဆောင်တစ်ဦးဖြစ်သူ ကလာရာဇက်ကင်ဆိုသည့် အမျိုးသမီးသည် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို တစ်ကမ္ဘာလုံးတွင် တစ်ရက်တည်းသာသတ်မှတ်ပြီး ကျင်းပပေးရန်နှင့် ထိုနေ့တွင် အမျိုးသမီးများ၏အခွင့်အရေးကိုတောင်းဆိုကြရန် တင်ပြဆွေးနွေးအဆိုပြုရာ ညီလာခံသို့တက်ရောက်လာသည့် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ အလုပ်သမားသမဂ္ဂများ၊ ဆိုရှယ်လစ်ပါတီဝင်များ၊ အမျိုးသမီးအလုပ်သမားအဖွဲ့များမှ အမျိုးသမီး ၁၀၀ ကျော်တို့သည် ကန့်ကွက်သူမရှိဘဲ သဘောတူခဲ့ကြသည်။

၎င်းသဘောတူညီမှုများကြောင့် ၁၉၁၁ ခုနှစ်မှ စတင်ကာ မတ် ၁၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အဖြစ် စတင်သတ်မှတ်ပြီး အမျိုးသမီးအခွင့်အရေးများ တန်းတူညီမျှမှုရရှိစေရန် တောင်းဆိုခဲ့ကြသည်။ ထို့နောက်တွင် အမျိုးသမီးအခွင့်အရေးနှင့်ပတ်သက်ပြီး လှုပ်ရှားမှုများဆက်တိုက်ထွက်ပေါ်လာသည်။ ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားချိန်တွင်လည်း အမျိုးသမီးများသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

ထို့နောက် အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် ၁၉၁၃ ခုနှစ် မတ် ၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အဖြစ် ပြောင်းလဲသတ်မှတ်ရန် တောင်းဆိုခဲ့ကြသည်။ ၁၉၇၅ ခုနှစ်တွင် မတ် ၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အဖြစ် ကမ္ဘာ့ကုလသမဂ္ဂက တရားဝင်သတ်မှတ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် မတ် ၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ် နိုင်ငံပေါင်း ၂၈ နိုင်ငံတွင် တရားဝင် အစိုးရရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ကြသည်။ ထိုမှတစ်ဆင့် တဖြည်းဖြည်းတွင်ကျယ်လာပြီး ယနေ့တိုင် နိုင်ငံနှင့်တစ်ဝန်းတွင် အလေးထားကျင်းပလာကြသည့် နေ့ထူးနေ့မြတ်တစ်နေ့ ဖြစ်လာခဲ့သည်။

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံသမိုင်းကိုကြည့်ရှုဖြင့် နိုင်ငံအရှေ့၊ သမိုင်းအရှေ့တိုင်းတွင် အမျိုးသမီးများသည် ရှေ့တန်းမှ ရှုပ်ရှုပ်ချုံချုံ ပါဝင်တောင်းဆိုခဲ့ကြသည်ကို လေးစားဖွယ်တွေ့မြင်နိုင်သည်။ အမျိုးသမီးများ၏ တောင်းဆိုမှုများကြောင့် အမျိုးသမီးများအတွက်သာမက လူသားအားလုံး၏ အခွင့်အရေး၊ အလုပ်သမားထုတစ်ရပ်လုံး၏ အခွင့်အရေးနှင့် ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးများအတွက်ပါ အကျိုးပြုဖြစ်ထွန်းအောင်မြင်ခဲ့သည်။

**မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍ**

မြန်မာနိုင်ငံတွင် နယ်ပယ်အသီးသီးမှ ထူးချွန်ထက်မြက်သော အမျိုးသမီးသူရဲကောင်းများ၊ အမျိုးသမီးအာဇာနည်များ၊ အမျိုးသမီးစာဆိုတော်များ ပေါ်ထွန်းခဲ့သည်။ ပုဂံခေတ်၊ အင်းဝခေတ်၊ ညောင်ရမ်းခေတ်များနှင့် ခေတ်အဆက်ဆက်တို့တွင် အမျိုးသမီးစာဆိုတော်များပေါ်ထွန်းခဲ့ပြီး ပျို့၊ ရတု၊ ဘောလယ်၊ အိုင်ချင်း၊ အဲချင်း၊ တျာချင်းနှင့် တေးထပ်များကို ရေးစပ်သီကုံးခဲ့ကြကာ မြန်မာစာပေခရီးလမ်းကို ဆက်လက်ရှင်သန်နိုးထစေခဲ့သည်။ ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့သည့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ ရှေးခေတ်မြန်မာလူမျိုးတို့၏ ပြောဆိုနေထိုင်မှုများနှင့် စောင့်ထိန်းအပ်သည့် ကျင့်ဝတ်သိက္ခာတရားများကို မြန်မာစာပေများမှ တစ်ဆင့် သိရှိမှတ်သားလိုက်နာကြရသဖြင့် ရှေးခေတ်အမျိုးသမီးစာဆိုများ၏ကျေးဇူးကား ကျွန်ုပ်တို့အတွက် အထူးကြီးမားခဲ့သည်။

မြန်မာတို့၏ ဝတ်စားဆင်ယင်နေထိုင်မှုနှင့် ပတ်သက်၍ အမျိုးသမီးစာဆိုရှင် 'ရဝေရှင်ထွေး' ၏ ဆံထုံးထုံးနည်း ၅၅ မျိုးသည် မျက်မှောက်ခေတ်မိန်းကလေးများအတွက် အထူးပင်မှတ်သားလိုက်နာတန်ဖိုးမဖြတ်နိုင်သော အသိပညာဗဟုသုတများ ရရှိစေသည်။ 'သိုးကလေ' အစချီ ရွှေနှင့်ယိုးမှားပန်းစကား ကဗျာတွင်လည်း မြန်မာမိန်းကလေးတို့၏ ချစ်ခြင်းမေတ္တာ၊ ကိုယ်ကျင့်တရားကောင်းမွန်မှုနှင့် စောင့်ထိန်းအပ်သော ကျင့်ဝတ်တို့ကို လေးစားဖွယ်တွေ့မြင်နိုင်သည်။

“သိုးကလေ
မြိတ်လွတ်စုလည်း
အငယ်တည်းက၊ ကျွမ်းဝင်ကြသည်
မွေးဖတူရင်း၊ မျိုးသည်မင်းနှင့်
ချစ်ခြင်းစုရုံး၊ သက်ထက်ဆုံးသည်
နှလုံးမခြား စောင့်တရား” ဟူ၍ ပုဂံခေတ်တွင် ရေးဖွဲ့ခဲ့သော ကဗျာအရ ထိုခေတ်မြန်မာမိန်းကလေးများ၏ သစ္စာတရားကြီးမားမှုနှင့် ကိုယ်ကျင့်တရားကောင်းမွန်မှုတို့ကို တွေ့မြင်နိုင်သည်။ အဆိုပါကဗျာတွင် လေ့လာဖတ်ရှုရသည့် 'ဆွေမိမင်း'၊ 'ရဲမျိုးသမီး' စသည့်စကားလုံးများသည် ရှေးခေတ်မိန်းကလေးငယ်များ၏ပုံပန်းသဏ္ဌာန်နှင့် သွင်ပြင်လက္ခဏာများကို အကဲဖြတ်လေ့လာတွေ့မြင်နိုင်သည်။

ထို့အတူ ညောင်ရမ်းခေတ်တွင် ထူးချွန်ကျော်ကြားသော အမျိုးသမီးစာဆိုရှင် တစ်ဦးဖြစ်သည့် 'တောင်တွင်းရှင်ငြိမ်းမယ်'သည် ထိုခေတ်ထိုအခါက တွေ့မြင်ရသော မြန်မာအမျိုးသမီးများ၏ ဣန္ဒြေနှင့်ဟိရိဩတ္တပ္ပတရားတို့ကို အခြေခံသည့် အိုင်ချင်းကဗျာများကို အထူးပင် ရေးစပ်သီကုံးခဲ့သည်။ 'နှမထွေး မယ့်ကိုလိုလျှင်' ကဗျာနှင့် 'စစ်မှာတစ်မူ'ကဗျာသည် နှောင်းခေတ် မြန်မာအမျိုးသမီးများအတွက် စံထားအတုယူလိုက်နာရသည့်ကဗျာများ ဖြစ်လာခဲ့သည်။

'နှမထွေးမယ့်ကိုလိုလျှင်'ကဗျာမှ မိန်းမပျိုလေး၏ မိမိကို မေတ္တာသက်ဝင်နေသူအား မိမိနေအိမ်ကို သိရှိအောင် ပတ်ဝန်းကျင်နှင့်တကွ သရုပ်ဖော်ပြပြီး စကားပရိယာယ်ဖြင့် ဖိတ်ခေါ်ထားရာ ထိုခေတ်မိန်းကလေးများ၏ ဣန္ဒြေသိက္ခာတရားကြီးမားမှုကို လေးစားဂုဏ်ယူဖွယ် တွေ့မြင်ရသည်။

အမျိုးသမီးစာဆိုတော်များတွင် လူထုဒေါ်အမာ၊ ငွေတာရီ၊ ဒေါ်ခင်မျိုးချစ်၊ ဂျာနယ်ကျော်မမလေး စသည့် စာရေးဆရာမများသည် ထူးချွန်ထင်ရှားလူသိများသော စာရေးဆရာမကြီးများ ဖြစ်ကြသည်။ ငွေတာရီ၏ 'အမေ'ကဗျာတွင် အလှတရားများ၌ မည်မျှပင်လှပစေကာမူ သားတော်မောင်၏ မျက်လုံး၊ မျက်ခုံးများနှင့် ပြိုင်ဆိုင်လျှင်ပင် ရှုံးနိုင်ကြောင်း မိခင်မေတ္တာကြီးမားခိုင်ခံ့မှုကို ဥပမာပေး တင်စားရေးဖွဲ့ထားခဲ့သည်။

မျက်မှောက်ခေတ် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် လှုပ်ရှားရုန်းကန်မှုများသည်လည်း အချိန်ကာလ ရွေ့လျားပြောင်းလဲလာသည်နှင့်အမျှ အစစအရာရာ ပြောင်းလဲလာခဲ့သည်။ လောဘသားကောင်မိစ္ဆာများ၏ အလိုရမ္မက်ကြီးမားမှုကြောင့် လူကိုလူချင်း ကုန်သွယ်ရောင်းချကြသည်။ အတင်းအဓမ္မကျွန်ပြုခြင်း၊ သွေးသားဆန္ဒ ဖြည့်ဆည်းမှုအတွက် ပြည့်တန်ဆာခိုင်းစေခြင်းများ နိုင်ငံအနှံ့အပြားတွင် တွေ့မြင်လာကြရသည်။ မောင်နှင့် နှမ၊ သားနှင့်အမေ ကိုယ်ချင်းစာတရားကင်းမဲ့ကာ နိုင်ငံတချို့တွင် အမျိုးသမီးများကို အဓမ္မခိုင်းစေခြင်း၊ ခေါင်းပုံဖြတ်ခြင်းတို့ကို မကြာခဏကြားသိရသဖြင့် အားလုံးစုပေါင်းတိုက်ဖျက်ကြရန် တာဝန်ရှိလာသည်။

❖ မျက်မှောက်ခေတ် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍနှင့် လှုပ်ရှားရုန်းကန်မှုများသည်လည်း အချိန်ကာလရွေ့လျားပြောင်းလဲလာသည်နှင့်အမျှ အစစအရာရာပြောင်းလဲလာခဲ့သည်။ လောဘသားကောင်မိစ္ဆာများ၏ အလိုရမ္မက်ကြီးမားမှုကြောင့် လူကိုလူချင်းကုန်သွယ်ရောင်းချကြသည်။ အတင်းအဓမ္မကျွန်ပြုခြင်း၊ သွေးသားဆန္ဒဖြည့်ဆည်းမှုအတွက် ပြည့်တန်ဆာခိုင်းစေခြင်းများ နိုင်ငံအနှံ့အပြားတွင် တွေ့မြင်လာကြရသည်။ မောင်နှင့်နှမ၊ သားနှင့်အမေကိုယ်ချင်းစာတရားကင်းမဲ့ကာ နိုင်ငံတချို့တွင် အမျိုးသမီးများကို အဓမ္မခိုင်းစေခြင်း၊ ခေါင်းပုံဖြတ်ခြင်းတို့ကို မကြာခဏကြားသိရသဖြင့် အားလုံးစုပေါင်းတိုက်ဖျက်ကြရန် တာဝန်ရှိလာသည်။ ❖

**နိုင်ငံတော်အစိုးရ၏ ကူညီဆောင်ရွက်ပေးမှုများ**

မြန်မာနိုင်ငံတွင် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ၊ ခေါင်းပုံဖြတ်မှုများ၊ လူကုန်ကူးမှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်၍ တိုက်ဖျက်လျက်ရှိသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များကို လူကုန်ကူးမှုမခံရစေရန်နှင့် အကြမ်းဖက်မှုများ မရှိစေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ အသိပညာပေးခြင်း၊ အလုပ်အကိုင် ရှာဖွေပေးခြင်း၊ သက်မွေးပညာများ သင်ကြားပေးခြင်းတို့ကို အထူးဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသမီးများ၏ ဘဝမြင့်မားမှုနှင့် တန်းတူအခွင့်အရေးရရှိစေရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စက်ချုပ်သင်တန်း၊ ရက်ကန်းသင်တန်း၊ ပန်းအလှထိုးနည်းသင်တန်း၊ အလှပြင်သင်တန်းနှင့် ကွန်ပျူတာသင်တန်းများဖွင့်လှစ်ကာ မြန်မာအမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ကိုင်နေသော အမျိုးသမီးများအတွက် လုပ်ခလစာညီမျှစွာရရှိရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးအတွက်လည်း တာဝန်ရှိသူများနှင့်ပူးပေါင်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ကိုယ်ဝန်ဆောင်မိခင်များ အာဟာရပြည့်ဝစေရေးနှင့် ကျန်းမာကြံ့ခိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ကျန်းမာရေးဝန်ကြီးဌာနက အခမဲ့ဆေးကုသမှုများ ပေးအပ်လျက်ရှိပြီး လုပ်ငန်းခွင်များတွင် သက်သာစွာလုပ်ကိုင်နိုင်ရေးအတွက်လည်း အလုပ်ရှင်များနှင့်ညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ကိုယ်ဝန်ဆောင်စဉ်နှင့် မီးဖွားစဉ်များတွင်လည်း ဥပဒေပါအခွင့်အရေးများ ရရှိရေးအတွက် အပြည့်အဝ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံရပ်ခြားတွင် လူကုန်ကူးခံရမှုများ၊ အတင်းအဓမ္မခိုင်းစေမှုများ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများ၊ ဘေးဒုက္ခအမျိုးမျိုး တွေ့ကြုံခံစားရမှုများကိုလည်း သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံအတွင်းရှိ လူကုန်ကူးသူများ၊ အတင်းအဓမ္မခိုင်းစေသူများ၊ အမျိုးသမီးများ၏ ဘဝလုံခြုံမှုကို ထိပါးနှောင့်ယှက်ဖျက်ဆီးသူများကိုလည်း ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိသည်။ ဘေးဒုက္ခအမျိုးမျိုးခံစားခဲ့ကြရသည့် မြန်မာအမျိုးသမီးများ ပြန်လည်ထူထောင်ရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းချိတ်ဆက်ကာ အသက်မွေးဝမ်းကျောင်း အဆင်ပြေချောမွေ့စေရေးအတွက် ပံ့ပိုးငွေများ ပေးအပ်ခြင်း၊ လုပ်ငန်းသုံးကိရိယာများ ပေးအပ်လှူဒါန်းခြင်း၊ ပတ်ဝန်းကျင်ကောင်းတစ်ခုရရှိစေရန်နှင့် ဂုဏ်သိက္ခာရှိရှိ နေထိုင်စေရန်အတွက် အသိပညာပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်။

**ကျား၊ မ တန်းတူညီမျှဖို့ နည်းပညာနဲ့ ဆန်းသစ်စို့**

ယနေ့ခေတ်တွင် အမျိုးသား၊ အမျိုးသမီးဟူ၍ ခွဲခြားမှုမရှိတော့ဘဲ တန်းတူညီမျှရေးနှင့် တန်းတူအခွင့်အရေးများ ရရှိနေကြပြီဖြစ်သည်။ လူတန်းစား၊ ကျား/မ ခွဲခြားမှုမရှိဘဲ မိမိလုပ်နိုင်လျှင်လုပ်နိုင်သလောက် အကျိုးခံစားခွင့်ရရှိနေကြပြီလည်းဖြစ်သည်။ နည်းပညာတိုးတက်နေသောခေတ်တွင် အမျိုးသားများလုပ်သောအလုပ်ကို အမျိုးသမီးများလည်း လုပ်နိုင်ကြပြီဖြစ်သည်။ စက်ပစ္စည်းကိရိယာများ၏

စာမျက်နှာ ၂၇ သို့ ➤

# တောင်ဥက္ကလာပမြို့နယ် ရွှေမြန်မာပန်းချီပြခန်းတွင် ပန်းချီဆရာမခုနစ်ဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်



**ရန်ကုန် မတ် ၇**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ရွှေမြန်မာပန်းချီပြခန်းတွင် ပန်းချီဆရာမခုနစ်ဦး၏ အွန်လိုင်းပန်းချီပြပွဲကို မတ် ၁၃ ရက်မှ မတ် ၁၇ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်းတာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြ၍ သိရသည်။

လွတ်မြောက်ခြင်း အွန်လိုင်းပန်းချီပြပွဲတွင် လက်ရှိ ပန်းချီဈေးကွက်အတွင်း နာမည်ရပြီးဖြစ်သည့် ပန်းချီဆရာမခုနစ်ဦး၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့် အရောင်အသွေးစုံ၊ လက်ရာစုံ ပန်းချီကား ၃၀ ကို ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဈေးကွက်ထဲမှာ နာမည်ရပြီးဖြစ်တဲ့ ပန်းချီဆရာမခုနစ်ယောက်ရဲ့ လက်ရာစုံပန်းချီကားတွေကို စုစည်းပြသပေးမှာ ဖြစ်ပါတယ်။ ပန်းချီဆရာမ ဝင်းသန္တာ၊ ပန်းချီဆရာမ ဥမ္မာတို့လို ရေးကွက်ဆန်းတဲ့ ပန်းချီဆရာမတွေရဲ့ ရေးကွက်တွေကို လေ့လာရမှာဖြစ်သလို အခြားပန်းချီဆရာမတွေရဲ့လက်ရာကောင်းတွေလဲ မြင်ရမှာပါ"ဟု ဦးဝဏ္ဏကြည်က ပြောပြသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီဆရာမ ဝင်းသန္တာ၊ ပန်းချီဆရာမ ဥမ္မာ၊ ပန်းချီဆရာမ မမွေး၊ ပန်းချီဆရာမ မအိ၊ ပန်းချီဆရာမ ကေကေမိုး၊ ပန်းချီဆရာမ ဒေးဒေးဗိုရာ၊ ပန်းချီဆရာမ ခင်မေကြည်တို့၏ လက်ရာစုံ၊ အရောင်အသွေးစုံပန်းချီကားများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားစုံ ပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ အများဆုံး ငွေကျပ်သိန်း ၂၀ ထိရှိကြောင်း သိရသည်။ ASH

# Spirit Awards ရုပ်ရှင်ဆုပေးပွဲ၌ Everything Everywhere All At Once ဇာတ်ကားက ဆုခုနစ်ဆုထိ ရရှိခဲ့

**နယူးယောက် မတ် ၇**

၂၀၂၃ ခုနှစ် Spirit Awards ရုပ်ရှင်ဆုပေးပွဲ၌ Everything Everywhere All At Once ဇာတ်ကားက ဆုပေါင်းခုနစ်ဆုထိရရှိခဲ့ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မတ် ၆ ရက်တွင် ရေးသားတင်ပြထားသည်။

Spirit Awards ဆုပေးပွဲ၏ အကောင်းဆုံးသရုပ်ဆောင်ဆုကို Everything Everywhere All At Once ဇာတ်ကားမှ မင်းသမီး မိရှဲယိုကရရှိခဲ့ပြီး သရုပ်ဆောင်ထူးချွန်ဆုကို အဆိုပါဇာတ်ကားမှ မင်းသမီး စတက်ဖနီဆုက ရရှိခဲ့သည်။

အလားတူ Spirit Awards ဆုပေးပွဲ၏ အကောင်းဆုံးဒါရိုက်တာဆုကိုမူ Everything Everywhere ဒါရိုက်တာများဖြစ်ကြသော ဒန်နီယယ်ဝန်နှင့် ဒန်နီယယ် ရှိန်းနာ့တို့က ရရှိခဲ့သည်။

ထို့ပြင် Spirit Awards ဆုပေးပွဲ၏ အကောင်းဆုံးဇာတ်ပို့ဆု၊ အကောင်းဆုံး ဇာတ်ညွှန်းဆုနှင့် အကောင်းဆုံး တည်းဖြတ်မှုဆုကိုလည်း အဆိုပါဇာတ်ကားကပင် ရရှိခဲ့ကြောင်း၊ Everything Everywhere ဇာတ်ကားသည် အော်စကာဆုပေးပွဲ ရာသီအကြိုအဓိကရုပ်ရှင်ဆု အများအပြားကို ရယူထားပြီးဖြစ်ကြောင်း သိရသည်။

KKO



# လရောင်မွှေးတဲ့ည ရုပ်သံဇာတ်လမ်း ရန်ကုန်မြို့တွင် ရိုက်ကူးနေ

**ရန်ကုန် မတ် ၇**

Viu Myanmar အပလီကေးရှင်းနှင့် Channel K ရုပ်သံလိုင်းတွင် ပြသမည့် လရောင်မွှေးတဲ့ည ရုပ်သံဇာတ်လမ်းကို ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ မတ်လ ပထမပတ်က စတင်ရိုက်ကူးနေကြောင်း ဒါရိုက်တာ ထွဋ်တင့်ထွန်းက ပြောပြ၍ သိရသည်။

အဆိုပါ လရောင်မွှေးတဲ့ည ရုပ်သံဇာတ်လမ်းကို Mee Mee Mway ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပိုင်စိုးသူမောင်၏ ဇာတ်လမ်းကို ဒါရိုက်တာထွဋ်တင့်ထွန်းက ဇာတ်ညွှန်းခွဲကာ ပုံဖော်ရိုက်ကူးလျက်ရှိကြောင်း၊ အဆိုပါဇာတ်လမ်းသည် အချိန် ၂ နာရီကြာမြင့်မည့် ဇာတ်လမ်းဖြစ်၍ အပိုင်းခွဲကာပြသသွားမည်ဖြစ်ကြောင်း သိရသည်။



"ဒီဇာတ်ကားက ၂ နာရီစာကြာမြင့်တဲ့ဇာတ်လမ်းပါ။ Mee Mee Mway ရုပ်ရှင်ထုတ်လုပ်ရေးဘက်က Horror၊ Comedy ဇာတ်လမ်းလေး ရချင်တယ်ဆိုလို့ ကျွန်တော်တို့အဖွဲ့ကနေပြီး ဇာတ်လမ်း၊ ဇာတ်ညွှန်းရေးပြီး ရိုက်ကူးဖြစ်တာပါ။ Mee Mee Mway ရုပ်ရှင်ထုတ်လုပ်ရေးက သရုပ်ဆောင်တွေနဲ့အတူ အကောင်းဆုံးဖြစ်အောင်ရိုက်ကူးနေပါတယ်"ဟု ဒါရိုက်တာ ထွဋ်တင့်ထွန်းက ပြောပြသည်။

အဆိုပါရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် အောင်ရဲထိုက်၊ နေရှိန်း၊ ဇွဲဇင်၊ သွန်းသက်ထူးစံ၊ ခင်ရတီသင်း၊ Special Guest အဖြစ် သိန်းလင်းစိုးနှင့် အခြားအနုပညာရှင်များစွာ သရုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ASH

# The Thicket ဇာတ်ကားတွင် မင်းသား ပီတာဒင်းကလက် ပါဝင်မည်

**နယူးယောက် မတ် ၇**

The Thicket အမည်ရှိ မြင်းစီးသေနတ်သမားလောကနောက်ခံ လျှို့ဝှက်သည်းဖိုအက်ရှင်ဇာတ်ကားတွင် မင်းသား ပီတာဒင်းကလက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မတ် ၆ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ပီတာဒင်းကလက်သည် မင်းသမီး ဂျူလီးယက်လူးဝစ်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ပြီး The Thicket ဇာတ်ကားကို စာရေးဆရာ ဂျိုးအာလန်းဒဲ၏ အမည်တူဝတ္ထုကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် လူဆိုးဂိုဏ်းတစ်ဂိုဏ်း၏ ပြန်ပေးဆွဲခံထားရသောညီမဖြစ်သူကို ကယ်တင်ရန် ကြေးစားသေနတ်သမားတစ်ဦး ပြည့်တန်ဆာတစ်ဦးတို့၏ အကူအညီဖြင့် လူငယ်တစ်ဦးက ကြိုးစားခဲ့ပုံကို ပုံဖော်ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

The Thicket ဇာတ်ကားကို ဒါရိုက်တာ အဲလီးယော့လက်စတာက တာဝန်ယူရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။ KKO



➤စာမျက်နှာ ၂၆ မှ အဆက်

အကူအညီဖြင့် ကုန်ထုတ်လုပ်ငန်းများ၊ ရောင်းဝယ်ရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဗိသုကာအတတ်ပညာများ၊ ဒီဇိုင်းအပြင်အဆင် အခင်းအကျင်းနှင့်တီထွင်ဖန်တီးမှုကဏ္ဍများတွင်ပါ အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများလည်း လိုက်ပါလုပ်ဆောင်နေကြပြီဖြစ်သည်။

ကျန်းမာရေးနယ်ပယ်များ၊ ဆေးကုသရေးနယ်ပယ်များတွင်လည်း အမျိုးသမီးများ၏စွမ်းဆောင်မှုများသည် အလွန်ထူးခြားပြောင်မြောက်စွာ အောင်မြင်ကြသည်။ ကမ္ဘာကြီးကို ကိုင်လှုပ်နိုင်သော၊ ပုခက်လွှဲသော ကရုဏာရှင်အမျိုးသမီးများသည် ကမ္ဘာကြီးကို အသစ်တစ်ဖန် ဖန်တီးအလှဆင်နေကြပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ဦးဆောင်ဦးရွက်ပြုနေကြသည့် အမျိုးသမီးသမ္မတများ၊ ဝန်ကြီးချုပ်များ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် ဝန်ကြီးများသည် ၎င်းတို့နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် မြင်ကွင်းများကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီဖြစ်သည်။ ဒုတိယမြောက် ဗြိတိသျှဘုရင်မကြီး အဲလိဇဘက်၊ သြစတြေးလျဝန်ကြီးချုပ်ဖြစ်ခဲ့သူ ဂျူလီယာဂေးလက်၊ စင်ကာပူသမ္မတ ဟာလီမက်ရက်ကော့ စသည့်အမျိုးသမီးခေါင်းဆောင်များသည် ၎င်းတို့နိုင်ငံဖွံ့ဖြိုးတိုးတက်စေရေး ဦးဆောင်ညွှန်ပြမှုပေးခဲ့သည့် အမျိုးသမီးခေါင်းဆောင်များ ဖြစ်ခဲ့သည်။

အချို့နေရာများတွင် အမျိုးသမီးများသည် အမျိုးသားများထက်ပင် လုပ်ရည်ကိုင်ရည်နှင့် ဉာဏ်ရည်ဉာဏ်သွေး ကောင်းမွန်ကြသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ရဲစွမ်းသတ္တိများ၊ ချင့်ချိန်စဉ်းစားနိုင်သည့် အရေးကိစ္စများတွင် အမျိုးသမီးများက သာလွန်ထူးကဲသည်။ ယနေ့ခေတ် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၌ အမျိုးသမီးများကိုယ်တိုင် စစ်မှုထမ်းနေကြပြီဖြစ်သည်။ "ကျား၊ မ တန်းတူညီမျှရေး နည်းပညာနှင့်ဆန်းသစ်ပေး"၊ "အမျိုးသမီးများဘဝမြင့်မားဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့" ဟူသည့် ဆောင်ပုဒ်များအတိုင်း နည်းပညာအကူအညီများဖြင့် အမျိုးသမီးများကို အမျိုးသားများနှင့်တန်းတူ နေရာအစုံ၊ နယ်ပယ်အစုံတွင် ပါဝင်လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်သည်။

နည်းပညာဖွံ့ဖြိုးတိုးတက်မှုများကို မြန်မာအမျိုးသမီးများအနေဖြင့် သင်ကြားတတ်မြောက်ထားသင့်ပြီး အခွင့်အလမ်းကောင်းများ ရှာဖွေဖော်ထုတ်အသုံးပြုကြရပေမည်။ လူသားအချင်းချင်း ကျား၊ မ မခွဲခြားဘဲ အခွင့်အရေးနှင့် တရားမျှတမှုများ တန်းတူရရှိပါက မြန်မာအမျိုးသမီးများအားလုံး ပြုံးပျော်ရွှင်နိုင်ကြပြီး နေချင်စရာ ဤမြေကမ္ဘာကို ထပ်ဆင့်အလှဆင်နိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာအမျိုးသမီးများ ဘဝမြင့်မားတိုးတက်စေရေးအတွက် ကျား၊ မ မခွဲခြားဘဲ တန်းတူ ဆွဲထူခေါ်ယူ၍ အမိမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရင်း ၂၀၂၃ ခုနှစ် မတ် ၈ ရက်နေ့တွင် ကျရောက်သည့် "အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့"ကို ဂုဏ်ပြုရေးသားလိုက်ရပါတော့သည်။

# ၂၀၂၃ ခုနှစ်၊ (၇၈)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ရဲဝံ့ဇာနည် အောင်စစ်သည်** — ပထမဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၂။ **ဒီမိုကရေစီ နိုင်ငံသစ်ဆီ** — ဒုတိယဆု
ဒုတိယတပ်ကြပ်လှိုင်ဝင်းထွန်း

၃။ **အောင်လံရှေ့သို့ချီ** — တတိယဆု
ဖုန်းမြင့်(MMC)

၄။ **နိုင်ငံ့တပ်မတော်ရှေ့သို့ချီ** — စတုတ္ထဆု
ဇော်မျိုးထွန်း

၅။ **တပ်မတော်သားတို့တာဝန်** — ပဉ္စမဆု
မြင့်မိုရ်ဦး(သဇင်)

**စစ်သည်တေးသီချင်း**

၁။ **ရှေ့သို့ချီမည် ပန်းတိုင်ဆီ** — ပထမဆု
ဇာမဏီ

၂။ **တို့ရဲ့မြန်မာ့တပ်မတော်** — ဒုတိယဆု
ကျော်ဆွေအောင်

၃။ **တပ်မတော်နှင့်ပြည်သူ** — တတိယဆု
မြင့်မိုရ်ဦး(သဇင်)

၄။ **ဗိုလ်များဂုဏ်ရည် သမိုင်းတွင်မည်** — စတုတ္ထဆု
မြင့်မြတ်ဦး(မြဝတီ)

၅။ **အလွမ်းရက်နွေ အပြုံးပန်းဝေ** — ပဉ္စမဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင်)

**ကဗျာ(ဝါသနာရှင်)**

၁။ **သားကောင်းသွေးသစ် ထုဆစ်ပုံနှိုင်း သမိုင်းလက်ဆင့်ကမ်း ပြည်ချစ်ပန်း** — ပထမဆု
သက်ဝေ

၂။ **သမိုင်းထင်ပေါ် တပ်မတော်** — ဒုတိယဆု
လုလင်(မော်ဝန်းမြေ)

၃။ **ဖိုးမောင်တမ်းချင်း** — တတိယဆု
အန်ကယ်ပညာ

၄။ **နေသို့ထွန်းသည့်မော်ကွန်းလွှာ** — စတုတ္ထဆု
ရှိန်မြင့်ထက်(ဝါးကြီးအိုင်)

၅။ **ပန်းမွှေးသုံးတွေ ကြည်း၊ ရေ၊ လေ** — ပဉ္စမဆု
သဥ္ဇာညိုသင်း(လားရှိုး)

၆။ **နိုင်ငံ့အုတ်မြစ် မဏ္ဍိုင်အစစ် မျိုးချစ်ပြည်သူ့တပ်မတော်** — အထူးဆု(၁)
ကျော့ဝင်း(မိုးညှင်း)

၇။ **မရှိုင်းတဲ့သမိုင်း** — အထူးဆု(၂)
ရဲမွန်ကျော်

၈။ **သူရဲကောင်းများအစဉ်ထွန်းကားရာ သားကောင်းတို့ပျော် တပ်မတော်** — အထူးဆု(၃)
သောင်းဌေး(တောင်တွင်း)

**ကဗျာ(အလွတ်တန်း)**

၁။ **သူရဲကောင်းသစ္စာ** — ပထမဆု
ပုလောစိုးနိုင်သာ

၂။ **တပ်မတော်ဟူသည်** — ဒုတိယဆု
မြတ်ထွဏ်းနောင်

၃။ **ကောင်းမြတ်စွမ်းရည် သန္နေတည်သည့် မြန်ပြည်မျက်ရှုပြည်သူ့တပ်မတော်** — တတိယဆု
ညောင်ရွှေခင်မောင်မြ

၄။ **မင်္ဂလာအဆင့်ဆင့်မြင့်မြတ်သောတပ်မတော်** — စတုတ္ထဆု
အမောင်

၅။ **မြင့်မြတ်ရွှေပြည်အောင်လံတည်၍ အောင်စည်အောင်နိမိတ် အောင်ရိပ်ထွန်းပေါ် အောင်တပ်မတော်** — ပဉ္စမဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

**ဝတ္ထုတို**

၁။ **သစ္စာစစ်သွေး လွယ်လင်လေးမော်ကွန်း** — ပထမဆု
တက္ကသိုလ်မြမဥ္ဇူ

၂။ **မြင့်မြတ်သောဂုဏ်ဖြင့်တို့ လွှမ်းပတ်ဖွဲ့တည်ရာ** — ဒုတိယဆု
နေဇင်(ပေါက်ခေါင်း)

၃။ **ပီတိလွှမ်းတဲ့နှလုံးသား** — တတိယဆု
နိုင်ဆွေ(ခရမ်း)

၄။ **ဂုဏ်ယူနေပါ ဖေဖေ** — စတုတ္ထဆု
ပင်မြင့်စံ(ရွှေဘို)

၅။ **ရေထက်ပို၍ချိုပါသည်** — ပဉ္စမဆု
မျိုးမြင့်ရန်နောင်

၆။ **ရဲရေးရောက်သော်** — အထူးဆု(၁)
ယိမ်းနွဲ့လှိုု

၇။ **မြူတိမ်ကင်းလို့ ဝင်းပစေ** — အထူးဆု(၂)
အမောင်

၈။ **သားကောင်းရင်ခွင်** — အထူးဆု(၃)
မသန်းလွင်(ဟဲဟိုး)

**ဝတ္ထုရှည်**

၁။ **ငါတို့သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ သစ္စာကို စောင့်သိရှိသေပါမည်** — ပထမဆု
ရဲဘော်ထွန်းထွန်း(တနိုင်း)

၂။ **နေတစ်စင်း လတစ်စင်းရဲ့ကောင်းကင်** — ဒုတိယဆု
နွေကုံကော်(မြို့လှ)

၃။ **နှလုံးသားကမွေးထက်က အနုညာတတို့၏ ပါဒလေးများ** — တတိယဆု
မောင်မောင်လွင်(ရွှေဘိုသား)

၄။ **တောပျော်ငှက်တို့ အိမ်အပြန်** — စတုတ္ထဆု
မောင်လူစိမ်း(ကျုံပျော်)

၅။ **နှစ်နှစ်ကာကာ ချစ်ခဲ့ရပါသည်** — ပဉ္စမဆု
သန်းဝင်းထွန်း(ဆွာ)

**ဆုပေးပွဲအခမ်းအနားကျင်းပမည့်အစီအစဉ်**

-ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက် ၂၇-၃-၂၀၂၃ ရက် (တနင်္လာနေ့)။

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## အောင်လံမြို့၌ စီမံကိန်းကျေးရွာများရွေးချယ်ပွဲ ကျင်းပ



**အောင်လံ မတ် ၇**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကျေးရွာများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာများရွေးချယ်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အောင်လံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ကျေးရွာများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာများကို ရွေးချယ်ရာတွင် အကျိုးခံစားရမည့်အိမ်ထောင်စုများသည့် ကျေးရွာများ၊ စီမံကိန်းဆောင်ရွက်ရန် စိတ်အားထက်သန်သည့် ကျေးရွာများ၊ စည်းလုံးညီညွတ်မှုရှိသည့် ကျေးရွာများ စသည့်သတ်မှတ်ချက်များဖြင့် ကိုက်ညီသောကျေးရွာများကို ဦးစားပေးအဆင့်အလိုက် ရွေးချယ်သွားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်အတူ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စီမံကိန်းဆောင်ရွက်ရန် ဌာနက သတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်ကိုက်ညီသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကျေးရွာ ၁၄ ရွာနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာနှစ်ရွာတို့ကို ဦးစားပေးအစီအစဉ်အလိုက် ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**ဖြိုးလေး**

## မိုင်းပန်မြို့နယ် လုံကြိမ်ကျေးရွာ၌ ခန်းမဆောင်တည်ဆောက်ပြီးစီးမှု စစ်ဆေး

**မိုင်းပန် မတ် ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေဖြင့် လုံကြိမ်ကျေးရွာ၌ ခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လုံကြိမ်ကျေးရွာ၌ အလျား ပေ ၅၀၊ အနံ ၂၆ ပေ၊ အမြင့် ၁၂ ပေရှိ ခန်းမဆောင်တည်ဆောက်ခြင်း လုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိစွာ အသုံးပြုရန်နှင့် တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

လုံကြိမ်ကျေးရွာ၌ ခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၃၅ သန်း စုစုပေါင်းငွေကျပ် ၁၃ ဒသမ ၃၅ သန်းအသုံးပြုပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းက ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ CMP လက်ခစား ချုပ်ပြီးအထည်များ ပြည်ပသို့တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၄၇၀၀ ကျော် ရရှိထား



**ရန်ကုန် မတ် ၇**

ယခုဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလထိ CMP လက်ခစား ချုပ်ပြီးအထည်များ ပြည်ပသို့ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၄၇၀၀ ကျော် ရရှိထားကြောင်း မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်ခိုင်ဇာခြည်ဝင်းက ပြောပြ၍ သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံအတွင်းရှိ CMP စက်ရုံ၊ အလုပ်ရုံများတွင် တရုတ်နိုင်ငံမှ အများဆုံး ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိပြီး ထိုင်း၊ ကိုရီးယား၊ ဂျပန်နိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့ကလည်း ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိကြောင်း၊ CMP လက်ခစား ချုပ်ပြီးအထည်များကို ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် ဥရောပနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

"၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလကနေ ဖေဖော်ဝါရီလကုန်ထိ အမေရိကန်ဒေါ်လာ သန်း ၄၇၀၀ ကျော် ရရှိထားတာပါ။ ဧပြီလက ချုပ်ပြီးအထည် ပြည်ပတင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁၈၅ သန်း၊ မေလမှာ အမေရိကန်ဒေါ်လာ ၃၈၄ သန်း၊ ဇွန်လမှာ အမေရိကန်ဒေါ်လာ သန်း ၆၁၀ ကျော်၊ ဇူလိုင်လမှာ အမေရိကန်ဒေါ်လာ ၆၃၆ သန်း၊ ဩဂုတ်လမှာ အမေရိကန်ဒေါ်လာ ၆၆၂ သန်းကျော်၊ စက်တင်ဘာလမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀၊ အောက်တိုဘာလမှာ အမေရိကန်ဒေါ်လာ ၃၆၄ သန်း၊ နိုဝင်ဘာလမှာ အမေရိကန်ဒေါ်လာ ၃၆၆ သန်း၊ ဒီဇင်ဘာလမှာ အမေရိကန်ဒေါ်လာ သန်း ၃၆၀၊ ဇန်နဝါရီလမှာ အမေရိကန်ဒေါ်လာ သန်း ၃၆၀ နဲ့ ယာယီစာရင်းအရ ဖေဖော်ဝါရီလမှာ အမေရိကန်ဒေါ်လာ သန်း ၃၆၀ လောက်ရရှိထားတာဖြစ်ပါတယ်"ဟု ဒေါ်ခိုင်ဇာခြည်ဝင်းက ပြောပြသည်။

အဆိုပါ CMP လက်ခစားချုပ်ပြီးအထည်လုပ်ငန်းများမှာ အဝတ်အထည်ချုပ်လုပ်ငန်း ၅၀၅ ရုံ၊ ဖိနပ်ချုပ်လုပ်ငန်း ၄၈ ရုံ၊ ဆံပင်တုလုပ်ငန်း ရှစ်ရုံ၊ အခြားသော အိတ်ချုပ်လုပ်ငန်း၊ အားကစားဝတ်စုံ၊ အားကစားဖိနပ်၊ ခြေအိတ်ချုပ်လုပ်ငန်း လုပ်ကိုင်နေသည့် စက်ရုံ၊ အလုပ်ရုံ ၁၇၇ ရုံတို့ဖြစ်ပြီး သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လည်ပတ်နေကြောင်း သိရသည်။

ASH

# မင်းပြားမြို့နယ် ခေါင်းလောင်း(ရွာသစ်)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြောက်ဦး မတ် ၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ရွာပြင်ကျေးရွာအုပ်စု ခေါင်းလောင်း(ရွာသစ်) ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို မတ် ၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ခေါင်းလောင်း(ရွာသစ်)ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက ကွန်ကရစ်လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တန်ပိုးယာဉ်များ ဖြတ်သန်းသွားလာခြင်းကို စနစ်တကျစိစစ်ပေးရန်နှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကိုထိန်းသိမ်းရန် မှာကြားသည်။

ခေါင်းလောင်း(ရွာသစ်)ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၆၀၀၊ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၂၀ စုစုပေါင်း ငွေကျပ် သိန်း ၁၂၀ အသုံးပြုပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီမံခန့်ခွဲမှု၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းပြီးစီးသဖြင့် ကျေးရွာရှိ အိမ်ခြေ ၁၂၀၊ လူ ၅၉၆ ဦးတို့ သွားလာရေး လွယ်ကူအဆင်ပြေတော့မည်ဖြစ်ကြောင်း မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက ပြောပြ၍ သိရသည်။

**ကိုသန်း**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်









Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်
Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။

ပြည်တွင်း/ပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊
လျှပ်စစ်မီတာခများ ပေးဆောင်ခြင်း၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊ e-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း၊ ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း။

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် -အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း-၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း-၀၉ ၃၁၀၀ ၁၅၃၄





## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့၊ အထက(၂)၊ သတ္တမတန်း(A)မှ မဂျူလီဝတ်ပုံ့ ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးကျော်စိုးလှိုင် ဖြစ်ပါကြောင်း။

**ဦးကျော်စိုးလှိုင်(၅/ကသန(နိုင်)၀၄၉၂၃၀)**

### ပျောက်ဆုံးကြောင်း

ရွာသိုးကြီးမြို့နယ်နေ အောင်မိုးသူ (ဘ) ဦးထွန်းနိုင် (၉/နထက(နိုင်)၂၁၆၆၅၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်နေ အောင်ထွန်း (ဘ) ဦးသောင်းရွှေ (၉/မအမ(နိုင်)၁၁၉၅၃၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း

ညောင်ဦးမြို့နယ်နေ မျိုးဇော်ဦး (ဘ) ဦးမျိုးမြင့်ဇော် (၉/ညဥန(နိုင်)၂၂၀၄၆၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

### ပျောက်ဆုံးကြောင်း

တောင်သာမြို့နယ်နေ ဖေသျှာစိုး (ဘ) ဦးကံထွန်း (၉/တသန(နိုင်)၁၈၉၃၇၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၀၂၆၃၅၇၅၁

## ဥတ္တရာသီ တောကိုမှီ

## ဝန်ထမ်းအလိုရှိသည်

(1) Sale & Marketing Manager
(2) Sale & Marketing Supervisor
(3) Sale & Marketing Staff

လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။

ဆက်သွယ်ရန်။ လမ်း (30)၊ ၈၃×၈၄ ကြား
ဖုန်း။ 09-259622656

## ဝန်ထမ်းအလိုရှိသည်

(1) Account (Word, Excel) ကျွမ်းကျင်

လုပ်ငန်းအတွေ့အကြုံရှိရမည်။

ဆက်သွယ်ရန်။ 64 D၊ 114 လမ်း
ဖုန်း။ 09-259622656

### ပျောက်ဆုံးကြောင်း

ရမည်းသင်းမြို့နယ်နေ မဖေသကြိန် (ဘ) ဦးလှဝေ (၉/ရမသ(နိုင်)၂၅၃၇၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မင်းရဲစိုက်သစ်နေ အရှင်ကဝိန္ဒ (၁၂/မဘန(နိုင်)၀၀၀၄၇၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၅၉၀၇၄၉၈၅

### ပျောက်ဆုံးကြောင်း

မန္တလေးမဟာအောင်မြေမြို့နယ်နေ မဝါဝါအေး(ဘ)ဦးမြင့်သိန်း(၉/မနတ(နိုင်)၀၀၁၄၇၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၀၃၇၈၄၁၀

### ပျောက်ဆုံးကြောင်း

မန္တလေးမြို့နေ ဦးထွန်းထွန်း(ဘ)ဦးကံမောင် (၉/မရမ(နိုင်)၀၄၆၅၉၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

### ပျောက်ဆုံးကြောင်း

ရွာသိုးကြီးမြို့နယ်နေ ဒေါ်ခင်မိုးမိုးကျော်(ဘ)ဦးကျော်မောင် (၉/နထက(နိုင်)၀၁၀၄၁၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။




"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျသုဒ္ဓါနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၃၄၇၊
၀၆၇-၈၁၀၃၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကကို ဗဟိုပြုသည့် စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ခြင်းပင်ဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း...

❖ မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့်နိုင်ငံဖြစ်ကြောင်း...

❖ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိကအခန်းကဏ္ဍ၊ လူတစ်ဦးချင်း၏အခန်းကဏ္ဍသည် တိုင်းပြည်တစ်ခု၏ အဓိကမောင်းနှင်အားဖြစ်ကြောင်း...

(အသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/ ၂၀၂၂) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ပအိုဝ်းအမျိုးသားခေါင်းဆောင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) နာယက ဦးအောင်ခမ်းထိ၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျောက်တလုံးကြီးမြို့သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်တလုံးကြီးမြို့သို့ ရောက်ရှိကြရာ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)မှ ဦးခွန်မြင့်အောင်၊ ဦးခွန်အောင်ခမ်း၊ ဦးခွန်နေဝင်းထွန်းနှင့် တာဝန်ရှိသူများ၊ ဒေသခံ ပအိုဝ်းတိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့

SIN MINN

ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP

အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ

ISO 9001 : 2015
CERTIFICATE NO.TH011875

ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

